# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၈၆)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ် (၀၃၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ↔ ဖတ် စ ရာ**

### ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို မျှော်လင့်ရင်ခုန်စွာ စောင့်ဆိုင်းရင်း နွေးထွေးလှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုပါ၏



ဆောင်းပါး | စာ ၁၀

### ဗီယက်နမ်နိုင်ငံ၏ ဆန်တင်သွင်းမှုနှုန်း မြင့်တက်



နိုင်ငံတကာသတင်း | စာ ၁၃

### တောင်သူ့ရွှေခေတ်ရောက်စေဖို့ ရေတင်လုပ်ငန်းများဖြင့် ကူညီစို့ ...



ဆောင်းပါး | စာ ၁၆



# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နှမ်းသီးနှံ ၁၃၉၃၂ ဧက စိုက်ပျိုးပြီးစီး၊ သီးနှံများအောင်မြင်ဖြစ်ထွန်း

ပွင့်ဖြူ အောက်တိုဘာ ၃၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နှမ်း ၁၃၉၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ တစ်မြို့နယ်လုံး ဆီထွက်သီးနှံ နှမ်းစိုက်ဧက ၁၂၁၄၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ နှမ်းစိုက်ဧက ၁၃၉၃၂ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်၍ သတ်မှတ်လျာထားဧကထက် ပိုမိုကျော်လွန်စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်အနေနဲ့ ပြည်တွင်းဆီစားသုံးမှု ဖူလုံပိုလျှံစေဖို့နဲ့ စားသုံးသူပြည်သူတွေအတွက် ကျန်းမာရေးနဲ့ ညီညွတ်ပြီး ဘေးကင်းလုံခြုံစွာ

*စာမျက်နှာ ၃ ကော်လံ ၁ ✻*

## ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပြီး မြူထူများဆိုင်းနိုင်

နေပြည်တော် အောက်တိုဘာ ၃၁

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး နေပြည်တော်၊

*စာမျက်နှာ ၅ ကော်လံ ၁ ❍*

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၃၁**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC က ဆောင်ရွက် လျက်ရှိသည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် ICRC ဒုတိယဌာနေကိုယ်စားလှယ် Mr. Jan Miskoc တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ (NAQAC) ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၁**

အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှု အကဲဖြတ်ကော်မတီ (NAQAC) ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က AUN–QA Guidelines စာအုပ်ကို မြန်မာ–အင်္ဂလိပ် နှစ်ဘာသာဖြင့် Operational Level အထိ အဆင့်လိုက်ပါဝင်အောင် ပြုစုနေပြီဖြစ်ကြောင်း၊ ဒီဇင်ဘာလအတွင်း ဝန်ကြီးဌာန အသီးသီးရှိ တက္ကသိုလ်များ အားလုံးသို့ ထုတ်ဝေဖြန့်ချိ စေလိုကြောင်း၊ NAQAC First Engagement Forum ကို နေပြည်တော်တွင် ကျင်းပသည့်အခါ ထိရောက်စွာ ဆွေးနွေး ပြောဆိုနိုင်သည့် အစီအစဉ်များ ပါဝင်စေရန် အလေးထား ဆောင်ရွက်ကြစေလိုကြောင်း၊ ရလဒ်အခြေပြုအချက်အလက်များ (Evidence–based Data) ကောက်ယူကာ ရလဒ်အခြေပြုဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် NAQAC က ဦးဆောင်ရန် တာဝန်ရှိကြောင်း၊ ပြုစုထားသော ပုဂ္ဂလိကကျောင်းများ ဆန်းစစ်အကဲဖြတ်လွှာပုံစံကို ဆွေးနွေးအကြံပြုစေလိုကြောင်း ပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးအတည်ပြုကြသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေး အာမခံမှု အကဲဖြတ်ကော်မတီ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ အရည်အသွေးအာမခံမှု လုပ်ငန်း ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

* ရှေ့ဖုံးမှ

ဆီစားသုံးနိုင်စေဖို့၊ ပြည်ပသွင်းကုန် အစားထိုး ဆီထွက်သီးနှံတွေဖြစ်တဲ့ နှမ်း၊ နေကြာ၊ မြေပဲ၊ ပန်းနှမ်း စတဲ့သီးနှံတွေကို စိုက်ပျိုးထုတ်လုပ်ပြီး ထွက်ရှိလာတဲ့ ဆီတွေကို ဈေးကွက်အတွင်း ဖြည့်တင်းရောင်းချပေးနိုင်ဖို့ ရည်ရွယ်ပြီး ဆီထွက်သီးနှံတွေကို (နွေ၊ မိုး၊ ဆောင်း) တစ်နှစ်ပတ်လုံး ကြိုးပမ်းစိုက်ပျိုးလျက်ရှိပါတယ်။ အခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံဖြစ်တဲ့ နှမ်းကို ၁၂၁၄၂ ဧက လျာထားစိုက်ပျိုးခဲ့ရာ ယနေ့အထိ ၁၃၉၃၂ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး အထွက်နှုန်းကောင်းမွန်စေဖို့အတွက် ပေါင်ကြီးတင်စနစ် စိုက်ပျိုးနည်းတွေ၊ စိုက်ပျိုးရေးသွင်းအားစုတွေ စနစ်တကျသုံးစွဲကြဖို့နဲ့ ပိုးမွှားရောဂါ မကျရောက်အောင် ကြိုတင်ကာကွယ်နှိမ်နင်းရေး နည်းပညာတွေကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်နေပါတယ်” ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

### အသိပညာပေးခြင်းဆောင်ရွက်

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများ ဆီထွက်သီးနှံ နှမ်းစိုက်ပျိုးရာတွင် လျာထားစိုက်ဧက ပြည့်မီစေရေး၊ အရည်အသွေးကောင်းသော သီးနှံအထွက်နှုန်းများ ရရှိရေး၊ စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျသုံးစွဲရေး စသည့်စိုက်ပျိုးရေးအသိပညာပေးခြင်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံတောင်သူများ အဓိကစိုက်ပျိုးသည့် နှမ်းမျိုးမှာ နှမ်းဖြူ၊ စမုံနက်နှမ်းမျိုးနှင့် သိပ္ပံနှမ်းနက်တို့ကို စိုက်ပျိုးကြကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းမှုရှိသဖြင့် ဆီထွက်သီးနှံ နှမ်းစိုက်ပျိုးရေးကို တစ်နှစ်ပတ်လုံးစိုက်ပျိုးကြကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကလည်း နှမ်းစိုက်ဧက ၁၃၃၉၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ မြေပြင်စိုက်ဧက ၂၄၇၂၀ ဧက စိုက်ပျိုးနိုင်ခဲ့၍ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကာ ယခုဆောင်းသီးနှံစိုက်ပျိုးရာတွင်လည်း နှမ်းစိုက်ဧက ၁၂၁၄၂ ဧကစိုက်ပျိုးရန် လျာထားရာ ယနေ့အထိ နှမ်းစိုက်ဧက ၁၃၉၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် သတ်မှတ်စိုက်ဧကထက် ကျော်လွန်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၁**

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အထူးဖိတ်ကြားထားသောဧည့်သည်တော်များ၊ အလုပ်ခန့်အပ်လွှာပေးအပ်မည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်းကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။



**ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေး**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များအား နယ်စပ်ဒေသများ၌ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့ကို တည်ထောင်ဖွင့်လှစ် ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း) ကို စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိ ဝိဇ္ဇာဘွဲ့ ၅၆၀၊ သိပ္ပံဘွဲ့ ၉၈၁ ဦး၊ B.Tech ၁၃၉ ဦး၊ A.G.T.I ဒီပလိုမာ ၇၆၅ ဦး စုစုပေါင်း တိုင်းရင်းသားလူငယ် ၂၄၄၅ ဦးတို့ကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် မဟာဝိဇ္ဇာဘွဲ့ ၁၁၁ ဦး၊ မဟာသိပ္ပံဘွဲ့ ၂၁၆ ဦး၊ ပါရဂူဘွဲ့ ၃၂ ဦး၊ B.Tech ၃၄၆ ဦး၊ B.E ၆၂၅ ဦး၊ M.E ၃၄ ဦး အသီးသီး အောင်မြင်မှုရရှိခဲ့သည့်အပြင် ဘာသာရပ်အလိုက် ဆက်လက်ကြိုးစားသင်ယူဆဲ ကျောင်းသား ကျောင်းသူများရှိကြောင်း။

ပညာခေတ်ကြီးတွင် ကြီးပြင်းခဲ့ကြသူများဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာများကို အဆင့်မြင့်မြင့်တတ်မြောက်အောင် ဆက်လက်ကြိုးစားလေ့လာသွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လူငယ်များ၏ အဓိကစွမ်းအားစုအဖြစ် ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်စေရေးနှင့် ဗလငါးတန်နှင့် ပြည့်စုံစေရေး စသည့်လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ၌ ပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ကြသည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအတိုင်း ကျင့်ဝတ်စည်းကမ်းတန်ဖိုးများကို သိရှိလိုက်နာပြီး လုပ်ငန်းစွမ်းဆောင်ရည်အပြည့်ဖြင့် မြင့်မားသောစိတ်ဓာတ်၊ မှန်ကန်သောခံယူချက်၊ မြင့်မြတ်သော အကျင့်စာရိတ္တကောင်းများကို လက်ကိုင်ပြု၍ အဂတိတရားကင်းရှင်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ကြိုးစားထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း တိုက်တွန်းမှာကြားသည်။

**ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာဘာသာရပ်နှင့် သိပ္ပံဘာသာရပ်ထူးချွန်ဆုရရှိသူ နှစ်ဦးကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က A.G.T.I ဒီပလိုမာထူးချွန်ဆုရရှိသူ တစ်ဦးကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှကိုယ်စားလှယ်များက အလုပ်တာဝန်ခန့်အပ်လွှာများ ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် အဆိုပါကျောင်းဝင်းအတွင်းရှိ အားကစားကွင်းနှင့် ပွဲကြည့်စင်၊ ဆောက်လုပ်ဆဲ လေးထပ်အင်ဂျင်နီယာအလုပ်ရုံ၊ အိပ်ဆောင်များ၊ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ထားရှိသည့် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများနှင့် သာယာလှပရေးဆောင်ရွက်ထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် သင်တန်းဆင်းကျောင်းသား ကျောင်းသူများကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၇)သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၁**

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပသည်။

သင်တန်း ဆင်းပွဲသို့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်း ဆင်းပွဲတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က အစဉ်တိုးတက်ပြောင်းလဲနေသည့် ပညာခေတ်တွင် ကျောင်းသားများ၏ ပညာရည် မြင့်မားရေးနှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ခေတ်မီအတတ်ပညာများ၊ နည်းပညာများကို လေ့လာဆည်းပူးနေရမည်ဖြစ်ပြီး ဆန်းသစ်သည့် အယူအဆ၊ အတွေးအခေါ်များဖြင့် အရည်အသွေးတိုးတက်အောင် ကြိုးစားကြရန်လိုကြောင်း၊ တပည့်များကို ပညာတတ်မြောက်ရန် သာမက အသိအမြင်၊ ဗဟုသုတများရှိအောင် လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။





အဆိုပါသင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၇၃ ဦး၊ သင်တန်းသူ ၂၈၄ ဦး စုစုပေါင်း ၃၅၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလ ရက်သတ္တငါးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်ကျချောင်းရေကြောင့် ထိခိုက်ပျက်စီးသွားသော ကလော၊ သာစည်ဒေသများသို့ သွားရောက်လှူဒါန်း

**မိတ္ထီလာ အောက်တိုဘာ ၃၁**

ကမ္ဘောဇဖောင်ဒေးရှင်း နာယက ဦးဆောင်သောအဖွဲ့သည် ကလော၊ သာစည်ဒေသသို့ အောက်တိုဘာ ၂၉ ရက်က သွားရောက်၍ တောင်ကျ ချောင်းရေကြောင့် နေအိမ်များပျက်စီးပြီး နုန်းများ ဖုံးလွှမ်းနေသော သာစည်မြို့ ရွှေမင်းဘုန်းရွာတွင် ချောင်းပေါင်းများကို ပြန်လည်တူးဖော်ရန် ငွေကျပ်သိန်း ၃၀၀၀ မတည်လှူဒါန်းပြီး တစ်နာရီ ၁၀၀၀ လီတာထွက် ရေသန့်စက်နှင့် အစားအစာများ၊ အသုံးအဆောင်ပစ္စည်းများ အဝတ်အထည်များနှင့် နုန်းများ ပြန်လည်တူးဖော်ရန် စက် များအတွက် စက်သုံးဆီများ လှူဒါန်းခဲ့သည်။



ဆက်လက်၍ ကလောမြို့ ရေဘေးသင့် ဓမ္မစကြာဘုန်းကြီးကျောင်း ပြန်လည်ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၃၀၀ နှင့် တစ်နာရီ ၁၀၀၀ လီတာထွက် ရေသန့်စက်အား လှူဒါန်းကြောင်း သိရသည်။

**မျိုးမင်းအောင်(ပြန်/ဆက်)**

# အိမ်မဲမြို့နယ်၌ မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်

**အိမ်မဲ အောက်တိုဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပါရမီဒေါင့်ကျေးရွာအုပ်စု Duwun စက်သုံးဆီအရောင်းဆိုင်တွင် မြို့နယ်မီးသတ်ဦးစီးဌာနက ဦးဆောင်၍ မီးဘေးအန္တရာယ် ကြုံတွေ့လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် မီးငြိမ်းသတ်နည်း သရုပ်ပြပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးတင်မျိုးဝင်းက မီးသတ်ဆေးဘူး အသုံးပြုပုံကို ရှင်းလင်း ပြောကြားပြီး ဆီမီးငြိမ်းသတ်နည်းနှင့် Foam ဆေးအသုံးပြု၍မီးငြိမ်းသတ်နည်းတို့ကို သရုပ်ပြဆောင်ရွက်သည်။



အဆိုပါသရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက် ကြည့်ရှုအားပေးခဲ့သည်။

**ချစ်သက်လယ်(အိမ်မဲ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရုရှား - မြန်မာ စီးပွားရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၃၁**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှား-မြန်မာ စီးပွားရေးကောင်စီ (Russian – Myanmar Business Council–RMBC) ဥက္ကဋ္ဌ Mr. Aleksei SHUPLOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအလားအလာများနှင့် လုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံနယ်ပယ်စုံတွင် စီးပွားရေးလုပ်ငန်းများအချင်းချင်း တိုက်ရိုက်အဆက်အသွယ်များ ထူထောင်ရေးနှင့် မြန်မာနိုင်ငံတွင် ရုရှား-မြန်မာ စီးပွားရေးကောင်စီ၏ မိတ်ဖက်အဖွဲ့အစည်း ဖွဲ့စည်းရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၏ ဌာနေကိုယ်စားလှယ်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၃၁**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)မှ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera နှင့် အဖွဲ့ကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာနနှင့် ICRC အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်နေသည့် ကျန်းမာရေးစောင့်ရှောက်မှု ကိစ္စရပ်များ၊ ခြေတုလက်တု ထုတ်လုပ်တပ်ဆင်ရေး အလုပ်ရုံများနှင့် ပြန်လည်သန်စွမ်းရေးဌာနများအား နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးရေး၊ သင်တန်းပို့ချရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စရပ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ICRC မှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်



**နေပြည်တော် အောက်တိုဘာ ၃၁**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဧည့်ခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်သည့် ငွေကျပ် ၂၀၄ သိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

အဆိုပါစားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ ***ရှေ့ဖုံးမှ***

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅ ရက်မှ ၇ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၂ ရက်မှ ၄ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်ပိုနိုင်ပြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင် ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၄ ရက်မှ ၈ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး တို့တွင် ၁ ရက်မှ ၃ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့်ဇလွန်မြို့တို့တွင် နှစ်ပေခွဲမှ လေးပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေမှ လေးပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် လေးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ နှစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာ သင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၃၁**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့်အထက်တန်း တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီး၌လည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်ဖွန်းမုန်တိုင်း (ရာဂီ) ဒဏ်ကြောင့် ရေဘေးသင့်ခဲ့သည့် မြို့နယ်များတွင် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ပွဲများကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၁**

၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ဖြစ်ပွားခဲ့သော တိုင်ဖွန်းမုန်တိုင်း (ရာဂီ) ဒဏ်ကြောင့် ရေဘေးသင့်ခဲ့သည့် မြို့နယ်များတွင် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားများကို အောက်တိုဘာ ၃၀ ရက်က နေပြည်တော်ကောင်စီနယ်မြေ၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ကျင်းပခဲ့သည်။

**တက်ရောက်**

အခမ်းအနားများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး / ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

**ပေးအပ်ချီးမြှင့်**

အခမ်းအနားများတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး / ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက ဂုဏ်ပြုအမှာစကားပြောကြားကြပြီး တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

သတင်းစဉ်



**နေပြည်တော်ကောင်စီနယ်မြေ**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရာဂီမုန်တိုင်းကြောင့် သဘာဝဘေးဖြစ်ပွားခဲ့သည့် မြို့နယ်များ၌ ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။



**ကယားပြည်နယ်**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ကယားပြည်နယ် လွိုင်ကော်မြို့ ရေကြီးရေလျှံခြင်း သဘာဝဘေးဖြစ်စဉ်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၌ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသူများနှင့် ငွေ / ပစ္စည်းလှူဒါန်း ထောက်ပံ့ခဲ့သူများအား ဂုဏ်ပြုပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။




**ကရင်ပြည်နယ်**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ကရင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုနှင့် ရာဂီမုန်တိုင်းအရှိန်တို့ကြောင့် ဘေးဒဏ်သင့်ခဲ့သည့်ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအား ဂုဏ်ပြုသည့် အခမ်းအနားတွင် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။



**ရှမ်းပြည်နယ် (အရှေ့ပိုင်း)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့တို့၌ တိုင်ဖွန်းမုန်တိုင်းရာဂီကြောင့် ဖြစ်ပွားခဲ့သော သဘာဝဘေးဖြစ်စဉ်များတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ဌာန၊ အဖွဲ့အစည်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ခြင်းနှင့် ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခြင်း အခမ်းအနားကို တာချီလိတ်မြို့ အောင်မြတ်ခန်းမတွင် ကျင်းပစဉ်။



**မန္တလေးတိုင်းဒေသကြီး**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ရာဂီမုန်တိုင်းဒဏ်သင့်ခဲ့သော မြို့နယ်များတွင် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ပြည်သူ့စစ်၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများအား ဂုဏ်ပြုပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



### ရှမ်းပြည်နယ်

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ရှမ်းပြည်နယ်အတွင်း တိုင်ဖွန်းမုန်တိုင်း ရာဂီကြောင့် ဖြစ်ပွားခဲ့သော သဘာဝဘေးဖြစ်စဉ်များတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ဌာန/ အဖွဲ့အစည်းများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



### ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ရာဂီမုန်တိုင်းသင့်ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အခြားဌာနနှင့် အဖွဲ့အစည်းများအား ဂုဏ်ပြုပွဲအခမ်းအနားတွင် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။



### ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး၊ ပြည်နယ်အချို့ရှိ ရေဘေးသင့်ဒေသများသို့ ကူညီကယ်ဆယ်ရေး သွားရောက်ဆောင်ရွက်ခဲ့ကြသော ရန်ကုန်တိုင်းဒေသကြီးမှ ဌာန/အဖွဲ့အစည်းများအား ဂုဏ်ပြုချီးမြှင့်ပွဲတွင် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။



### ဧရာဝတီတိုင်းဒေသကြီး

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ရာဂီမုန်တိုင်းနှင့်စပ်လျဉ်း၍ ဖြစ်ပွားခဲ့သော ရေဘေးကြောင့် ထိခိုက်ပျက်စီးမှုများအပေါ် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုပွဲအခမ်းအနားတွင် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၁**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် ဝန်ကြီးဌာနပိုင် အားကစားကွင်းများတွင် ဆက်လက်ကျင်းပယှဉ်ပြိုင်လျက်ရှိရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် တာဝန်ရှိသူများ၊ ကျောင်းသားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။



(အမျိုးသား) ဖူဆယ်ဘောလုံးပြိုင်ပွဲများကို ယမန်နေ့နံနက်ပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်) ၌ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး (အမျိုးသား) ဘော်လီဘောဗိုလ်လုပွဲ ပွဲစဉ်ကို ညနေပိုင်းတွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း အားကစား လေ့ကျင့်ရေးခန်းမ (၁) ၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြကာ အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာန အသင်း (က) က အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်များက ပထမဆုရရှိသည့် အသင်းနှင့် ဒုတိယဆုရရှိသည့်အသင်းတို့မှ ကစားသမားများကို တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက ပထမဆုရရှိသည့် အသင်းအား ငွေသားဆုနှင့် တံခွန်စိုက်ဖလား ဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး(ဓါတ်ပုံ) နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဂုဏ်ပြုအားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၃၁**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲမှ ပထမဆုရပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ခဲ့မှု မြင်ကွင်းပဒေသာ

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာ ၁၄ ရက်မှ အောက်တိုဘာ ၂၃ ရက်အထိ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီး၌ကျင်းပခဲ့ရာ ပထမဆုရပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ခဲ့မှု မြင်ကွင်းပုံရိပ်များကို စုစည်းဖော်ပြလိုက်ပါသည်။



**အဆို**

ကာလပေါ်/ခေတ်ဟောင်းတေး အဆိုပြိုင်ပွဲ အခြေခံပညာ (အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပူးတွဲပထမဆု ရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်ကောင်းပြည့်ဟိန်း "ကိုယ့်ရပ်ဌာနေ" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။




**ဒိုးပတ် (အတီး)**

ဒိုးပတ် အတီးပြိုင်ပွဲ ဝါသနာရှင် အဆင့်မြင့်ပညာ (အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဟိန်းမေတ္တာနှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်စဉ်။




**ပလွေ (အတီး)**

ပလွေ အတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆု ရရှိသည့် ကချင်ပြည်နယ်မှ ဦးမြတ်ဇော် "ကြုံကြုံဖန်ဖန်" (ယိုးဒယား) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



**အက**

အကပြိုင်ပွဲအခြေခံပညာ (အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ကရင်ပြည်နယ်မှ စောအာကာပိုင်စိုး ကပြယှဉ်ပြိုင်စဉ်။



မယ်ဒလင် အတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မရွှန်းလဲ့မေ (ခ) လဲ့ရည်ဝင်း "မန္တလာဘုံ"(ဘွဲ့) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




တယော အတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ကချင်ပြည်နယ်မှ မနှင်းနှင်းဝေ "သီတာရတနာ" (ကာလပေါ်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ဂီတာ အတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးမှ ဦးအောင်နိုင်စိုး "ဘုန်းမိုးသွန်းလောင်း" (သီချင်းခံ) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**ပတ္တလား(အတီး)**

ပတ္တလား အတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်သျှားထက်ဇော်(ခ)မောင်မင်းခေတ် "ညင်းညင်း"(မွန်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**တယော(အတီး)**

တယော အတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ကယားပြည်နယ်မှ ဦးအေးမော် "တောဟောဝန်လယ်" (ယိုးဒယား)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**နှဲ(အတီး)**

နှဲ အတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးနေလင်း "အောင်မြေသာစံ" (ပတ်ပျိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



**ဆိုင်းတစ်ဦးချင်း(အတီး)**

ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသား အသက် ၁၀ နှစ်မှ ၁၅နှစ်အတွင်း)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြူးစိန် (ခ) နေမင်းခန့် "ဘုံဆောင်မြင့်" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



**မယ်ဒလင်(အတီး)**

မယ်ဒလင် အတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ ဦးမင်းဇော် "မြူဝန်းလို့ခို" (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



**အဆို**

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေး အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာ (အမျိုးသမီး) ၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ မဖြိုးဟေမာန် "မြန်မာပြည်ခရီးစဉ်" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို မျှော်လင့်ရင်ခုန်စွာ စောင့်ဆိုင်းရင်း နွေးထွေးလှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုပါ၏

**အားကစားပရိသတ်တစ်ဦး**

**ဂျာစီအနီရောင်၊ ဘောင်းဘီအဖြူ၊ ခြေအိတ်အနီရောင်ဆင်မြန်းထားသည့်အသင်းနှင့် ဂျာစီအဝါ၊ ဘောင်းဘီအဝါ၊ ခြေအိတ်အဖြူရောင် ဆင်မြန်းထားသည့် အသင်းနှစ်သင်း၏ ဘောလုံးပြိုင်ပွဲကား အကြိတ်အနယ်ရှိလှပေသည်။ မဟာပြိုင်ဘက်အသင်းနှစ်သင်း ဆုံတွေ့သည့် ဗိုလ်လုပွဲစဉ်ဖြစ်၍ ပရိသတ်များက အောင်ဆန်းကွင်း လေးဖက်လေးတန်ပြည့် လာရောက်အားပေးခဲ့ကြသည်။**

အနီရောင်အသင်းက ဖွေဆော်ဦးဂိုးကို သွင်းယူ၍ ဦးဆောင်ကစားနေသည်။ သို့သော် မကြာမီအချိန်အတောအတွင်းမှာပင် အဝါရောင်အသင်းမှ အရပ်ထောင်ထောင်မောင်းမောင်း တိုက်စစ်မှူးက သူ့အသင်းအတွက် ချေပဂိုးကို ခေါင်းတိုက်သွင်းယူပေးလိုက်သည်။ ဆက်တိုက်ဆိုသလိုပင် အနိုင်ဂိုးကိုလည်း သူကပင် ထပ်မံ၍ ခေါင်းတိုက်သွင်းယူပေးခဲ့ပြန်သည်။

**ပရိသတ်များ၏ အားပေးသံများ တစ်ခဲနက် ပေါ်ထွက်လာ**

**"ဝင်းအောင်၊ ဝင်းအောင်"** ပရိသတ်များ၏ သံပြိုင်ဟစ်ကြွေးအားပေးသံများကား တစ်ခဲနက် ပေါ်ထွက်လာသည်။ ၁၉၈၇ ခုနှစ် တတိယအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့် ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ထိုစဉ်က နာမည်ကြီး ဘဏ္ဍာအခွန်ဘောလုံးအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနဘောလုံးအသင်းတို့ ဆုံတွေ့ခဲ့ကြသည့်ပွဲစဉ်ဖြစ်သည်။ ဘဏ္ဍာအခွန်အသင်းတွင် မျိုးလှိုင်ဝင်း၊ ဝင်းအောင်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းတွင် တင်ထွေး၊ မျိုးမြင့်ထွေး စသည် စသည်ဖြင့် နှစ်သင်းစလုံးတွင် မြန်မာ့လက်ရွေးစင်ဘောလုံးသမားများ အများအပြားစုဖွဲ့ပါဝင်ခဲ့ကြ၍ ပြိုင်ဆိုင်မှုမြင့်မားခဲ့သည်။ အမျိုးသားအားကစားပွဲတော်၏ ဂုဏ်ဒြပ်နှင့်အညီ ပရိသတ်အကြိုက်တွေ့ခဲ့ပြီး ယနေ့တိုင်မေ့မရနိုင်သည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့သည်။

**"အရှေ့တောင်အာရှမှသည် အဆင့်ဆင့်တက်လှမ်းဖို့ ရည်မှန်းထားတဲ့ အမျိုးသားအားကစားပွဲတော်ကြီးဖြစ်သည်xxx၊ မြန်မာ့ဂုဏ်ဆောင်ကြရမယ့်၊ လူငယ်တွေ မျိုးဆက်သစ်အင်အားများနဲ့ xxx၊ ညီညီညာညာပေါင်းစုခဲ့ကြသည် xxx။ အောင်ပွဲများဆက်တိုက် လှမ်းယူမည်xxx၊ ကဆုန်လရဲ့အမှတ်တရပွဲတော်သည်"** ၁၉၈၂ ခုနှစ် ပထမအကြိမ် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားတွင် နိုင်ငံကျော်တေးသံရှင်မေဆွိ၏ အသံချိုမြမြက ပျံ့လွင့်နေသည်။

**"မြန်မာပြည်ရဲ့အလှ xxx၊ ရိုးမနဲ့ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်း၊ ရွှေလီ၊ တည်ရှိနေသမျှ၊ စီးဆင်းနေသမျှ၊ တစ်နယ်စီဝေးလည်း သွေးချင်းတွေ၊ သားချင်းတွေချစ်ကြသည် xxx၊ နောင်နှစ်မှာ တွေ့ကြမည်xxx၊ သွေးချင်းတို့ရေ နှုတ်ဆက်သည်"**

လူငယ်လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)အားကစားကွင်း၏ မီးရောင်စုံများအောက်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားရိုးရာဝတ်စုံဆင်မြန်းထားသည့် တိုင်းရင်းသားလူငယ်မောင်မယ်လေးများက တေးသီချင်းစည်းချက်နှင့်အညီ လက်လေးတွေဝှေ့ကာ၊ ယမ်းကာဖြင့် နှုတ်ဆက်နေကြသည်။ ထိုထိုသော မြင်ကွင်းများက မကြာမီပြီးဆုံးတော့မည့် အမျိုးသားအားကစားပွဲတော်ကြီးကို လွမ်းအောင်ဖန်နေသည်။ အမှန်တကယ်လည်း လွမ်းတသသဖြစ်ကျန်ရစ်ခဲ့ကြပါသည်။

ပထမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၈၂ ခုနှစ် မေလ ၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် ဝန်ကြီးဌာနများအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)၊ တိုင်း/တပ်မဌာနချုပ်များ၊ တက္ကသိုလ် (အထက်/အောက်မြန်မာပြည်) အဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အခြေခံကျောင်းသားအဆင့်ဟူ၍ အဆင့်သုံးဆင့်ခွဲကာ အားကစားနည်း ၂၂ မျိုး ထည့်သွင်းကျင်းပခဲ့ရာ ပြိုင်ပွဲဝင်အသင်း ပေါင်း ၇၂ သင်း၊ အားကစားသမား ၁၀၁၂၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၈၄ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့မှ ဖေဖော်ဝါရီလ ၆ ရက်နေ့အထိ ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် ဝန်ကြီးဌာနများအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ဟူ၍ နှစ်ဆင့်ခွဲကာ အားကစားနည်း ၂၄ မျိုး ထည့်သွင်းကျင်းပခဲ့ရာ ပြိုင်ပွဲဝင် အသင်းပေါင်း ၄၀၊ အားကစားသမား ၈၇၀၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**အားကစားသမား ၁၁၃၇၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့**

တတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၈၇ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့မှ ၂၄ ရက်နေ့အထိ ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် ဝန်ကြီးဌာနများအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး၊ တက္ကသိုလ်များ (အထက်/အောက်) ဟူ၍ အဆင့်နှစ်ဆင့်ခွဲကာ အားကစားနည်း ၂၉ မျိုး ထည့်သွင်းကျင်းပခဲ့ရာ ပြိုင်ပွဲဝင်အသင်း ၅၅ သင်း၊ အားကစားသမား ၁၁၃၇၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ ၂၈ ရက်နေ့အထိ နေပြည်တော်တွင် ကျင်းပခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် အလွတ်တန်းအဆင့် တစ်မျိုးတည်းသာပါဝင်ပြီး အားကစားနည်း ၂၇ မျိုးနှင့် မသန်စွမ်းအားကစားနည်း လေးမျိုး ထည့်သွင်းကျင်းပခဲ့ရာ ပြိုင်ပွဲဝင်အသင်း ၁၅ သင်း၊ အားကစားသမား ၄၃၆၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။



ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ မကွေးတိုင်းဒေသကြီး ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ဖူဆယ်အားကစားပြိုင်ပွဲဝင်များ စခန်းသွင်းလေ့ကျင့်နေမှုကို တွေ့ရစဉ်။ မောင်ညီညာ

အမျိုးသား အားကစားပွဲတော်များကား နိုင်ငံတော်အဆင့်ဖြစ်သည်နှင့်အညီ ကြီးကျယ်ခမ်းနားလှပါပေသည်။ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကလည်း ပရိသတ်ကို များစွာဆွဲဆောင်မှုရှိခဲ့သည်။ နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးသာမက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း များစွာအထောက်အကူဖြစ်စေခဲ့ပါသည်။ ထို့ပြင် ၁၉၈၂၊ ၁၉၈၄၊ ၁၉၈၇ ခုနှစ် အမျိုးသားအားကစားပွဲတော်အတွေ့အကြုံများကြောင့်ပင် နိုင်ငံတော်က ၂၀၁၃ ခုနှစ် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် နေပြည်တော်၌ ဝံ့ချီးခမ်းနားစွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုရပါမည်။

သို့ရာတွင် ၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးအပြီး နောက်ပိုင်းကာလများတွင် အမျိုးသားအားကစားပွဲတော်ကို အကြောင်းအမျိုးမျိုးကြောင့် မကျင်းပနိုင်ခဲ့တော့ချေ။

**နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုများ ပြန်လည်ရရှိလာ**

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရခေတ်တွင် မြန်မာအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး၊ နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိရေးအတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကို ပြန်လည်ဖွဲ့စည်းကာ ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်ဆောင်ရွက်ခဲ့၍ နိုင်ငံတကာပြိုင်ပွဲများတွင် အထိုက်အလျောက် အောင်မြင်မှုများ ပြန်လည်ရရှိလာခဲ့သည်။

နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် ဆုတံဆိပ်များဆွတ်ခူးရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကိုလည်း ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခဲ့ရုံမက တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများကိုလည်း လစဉ်ထောက်ပံ့ကြေးများ၊ ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပေးခဲ့ပြန်ပါသည်။

တစ်ဖန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ **"အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကိုရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုလည်း ဖြစ်ပေါ်စေနိုင်သည့်အတွက် အားကစားနှင့် ပတ်သက်ပါက အားပေးဆောင်ရွက်ရမည်"**ဟူသည့် လမ်းညွှန်ချက်နှင့်အညီ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ နေပြည်တော်၌ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ပြန်လည်ကျင်းပတော့မည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားရေး၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင်

- **အမျိုးသားအားကစားပွဲတော်များကား နိုင်ငံတော်အဆင့်ဖြစ်သည်နှင့်အညီ ကြီးကျယ်ခမ်းနားလှပါပေသည်။ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများကလည်း ပရိသတ်ကို များစွာဆွဲဆောင်မှုရှိခဲ့သည်။ နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးသာမက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း များစွာအထောက်အကူဖြစ်စေခဲ့**
- **နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် ဆုတံဆိပ်များဆွတ်ခူးရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကိုလည်း ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခဲ့ရုံမက တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများကိုလည်း လစဉ်ထောက်ပံ့ကြေးများ၊ ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပေးခဲ့**

*စာမျက်နှာ ၁၁ သို့*

# ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် ပွဲတော်ပြက္ခဒိန်များ နှစ်စဉ်ထုတ်ဝေနိုင်ရေး ကြိုတင်ပြင်ဆင်သွားကြရန် လိုအပ်



နေပြည်တော် အောက်တိုဘာ ၃၁

**ခရီးသွားလုပ်ငန်းကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် က တိုင်းဒေသကြီး/ပြည်နယ်များအလိုက် မိမိတို့နယ်မြေအတွင်း ပြည်တွင်း ပြည်ပခရီးသွားများအတွက် ဆွဲဆောင်မှုရှိပြီး သွားလာလည်ပတ်သင့်သော ခရီးစဉ်ဒေသလမ်းကြောင်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

**ရင်းနှီးမြှုပ်နှံမှုများပိုမိုတိုးတက်လာစေရေး**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရေးနှင့် ခရီးသွားလုပ်ငန်း အခြေခံအဆောက်အဦကဏ္ဍတွင် ဦးစားပေးရင်းနှီးမြှုပ်နှံမှုများ မြင့်မားလာစေရေးအတွက် ရင်းနှီးမြှုပ်နှံသူများနှင့် အများပြည်သူများကို ရှင်းလင်းချပြ ဆွေးနွေးနိုင်သည့် Tourism Investment Forum များပြုလုပ်ရန် လိုအပ်ကြောင်း၊ ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် ပွဲတော်ပြက္ခဒိန် (Event Calendar) များကို နှစ်စဉ်ထုတ်ဝေနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသော ကော်မတီဝင်များအနေဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ကော်မတီမှ ဆုံးဖြတ်ပေးရမည့် အမှာစာများကို ဖတ်ကြားသည်။

**ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေး**

ယင်းနောက် တက်ရောက်လာကြသည့် ကော်မတီဝင် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးများ၊ ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွား အဖွဲ့အစည်းကိုယ်စားလှယ်များက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ လုပ်ငန်းလိုင်စင်များ ထုတ်ပေးထားရှိမှုနှင့် ခရီးသွားဧည့်သည် ဝင်ရောက်မှု၊ ခရီးစဉ်ဒေသအသစ်များနှင့် ခရီးသွားဆွဲဆောင်ရာနေရာများ ဖော်ထုတ်ဆောင်ရွက်မှု၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေး ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်နိုင်ရေး၊ ခရီးသွားဈေးကွက် မြှင့်တင်ရေး၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းအခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေသွေးဂျာနယ်




**နေပြည်တော် အောက်တိုဘာ ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၂-၁၁-၂၀၂၄ ရက်(စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၆)၊ အမှတ် (၄၄) တွင်** ပစ္စည်းတစ်မျိုးမျိုးကို ဝယ်ယူရာ၌ အရောင်အဆင်းထက် ပစ္စည်း၏ အရည်အသွေးကို ပိုမိုဦးစားပေးကာ ဝယ်ယူသင့်ကြောင်း သရုပ်ဖော်ထားသည့် "ကျေးဇူးပါမေမေ" မျက်နှာဖုံး ကာတွန်း၊ ခန္ဓာကိုယ်၏ အဓိက ကျောရိုးတိုင်ကြီး၏ ခါးရိုးဆစ်များ နာကျင်ထိခိုက်မှု မဖြစ်စေရန် လိုက်နာကျင့်သုံးနိုင်စေမည့် အကြောင်းအရာများကို ရေးသားထားသည့် "လှုပ်ရှားတိုင်းတွင် သတိယှဉ်" သုတဆောင်းပါးကဏ္ဍ၊ အလုပ်တစ်ခုကို လုပ်ဆောင်ရာ၌ အချိန်မီပြီးစီးအောင် ဆောင်ရွက်တတ်စေရန် သရုပ်ဖော်ထားသည့် "အိမ့်နှစ်" နှစ်မျက်နှာကာတွန်း၊ နေ့စဉ်ခရေပန်းကောက်ကာ ရောင်းရသည့် ပိုက်ဆံများကို စုဆောင်းထားခြင်းဖြင့် စက်ဘီးတစ်စီး ဝယ်နိုင်သည်အထိ စုမိခဲ့သော မေနှင်းပွင့်တို့ မောင်နှမနှစ်ယောက် အကြောင်းကို ရေးသားထားသည့် "ပန်းစုဘူးလေး" ဝတ္ထု၊ သူ၏ မေမေက ပန်းသီးသုံးလုံး ဝယ်ခိုင်းသည်ကို ကောင်းမကောင်း တစ်လုံးလုံး ကုန်သည်အထိ စမ်းစားပစ်သည့် ထူးထူးအကြောင်းကို သရုပ်ဖော်ထားသည့် "ထူးထူးပါဝင်သော ချိုသားပဲ" တစ်မျက်နှာ ကာတွန်း၊ သာခါသမင်ဗိုလ်ကြီး၏ ခေါင်းဆောင်ကောင်း ပီသမှုကြောင့် သမင်များအားလုံး အသက်ဘေးမှ ကင်းလွတ်ခဲ့ရပုံအကြောင်းကို ရေးဖွဲ့ထားသည့် "မိတ်ဆွေကောင်း ဟူသည်" ပုံပြင်ကဏ္ဍ၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ စက္ကူအိမ်လေးကို ကိုက်ဖြတ်ဖျက်ဆီးမည့် ကြွက်လေးကို မောင်းထုတ်ခြင်းမပြုဘဲ မိမိ၏ပညာဖြင့် ထွက်သွားစေသည့် အဘိုးအိုအကြောင်းကို သရုပ်ဖော်ထားသည့် "စကားထာ" နှစ်မျက်နှာကာတွန်း၊ စိတ်ကောင်းစေတနာရှိသူနှင့် စိတ်ထားယုတ်ညံ့သူတို့အကြား အကျိုးပေးကွာခြားပုံကို နှိုင်းယှဉ်သရုပ်ဖော်ထားသည့် "အလိုလောဘ" နှစ်မျက်နှာကာတွန်း၊ အဆောက်အအုံတွင်ပိုးမွှားများသေစေအောင် မှိုင်းတိုက်မည့် အကြောင်းကြားစာနှင့်ပတ်သက်၍ တိုက်ခန်းတွင် နေထိုင်သူနှင့် တာဝန်ယူလုပ်ဆောင်ပေးမည့်သူတို့အကြား အပြန်အလှန် ပြောဆိုဆွေးနွေးမှုများကို ရေးသားထားသည့် "ရွှေသွေးစကားဝိုင်း"ကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍအပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

*စာမျက်နှာ ၁၀ မှ*

ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် အားကစားအဆင့်အတန်း မြင့်မားရေးနှင့် အောင်မြင်မှုရရှိစွာယှဉ်ပြိုင်နိုင်ရေး၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ပြည်နယ်၊ တိုင်းဒေသကြီးများနှင့် ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိစေရေး၊ အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်လာနိုင်စေရေးနှင့် ပြည်သူတစ်ရပ်လုံး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရေးဟူသည့် ရည်ရွယ်ချက် (၅)ရပ်နှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့်၌ ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး)၊ ဘောလုံး(အမျိုးသား)၊ ဖူဆယ် (အမျိုးသား)၊ ဂေါက်သီး (အမျိုးသား)၊ ပိုက်ကျော်ခြင်း (အမျိုးသား)နှင့် ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲဟူ၍ အားကစားနည်းခြောက်မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် ပြေးခုန်ပစ်(အမျိုးသား/အမျိုးသမီး)၊ ဘတ်စကက်ဘော(အမျိုးသား)၊ ကြက်တောင်(အမျိုးသား/ အမျိုးသမီး)၊ ဘိလိယက်/ စနူကာ (အမျိုးသား)၊ လက်ဝှေ့(အမျိုးသား)၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု (အမျိုးသား/ အမျိုးသမီး)၊ ခရစ်ကက်(အမျိုးသား)၊ ဘောလုံး (အမျိုးသား/အမျိုးသမီး)၊ ဖူဆယ် (အမျိုးသား/ အမျိုးသမီး)၊ ဂေါက်သီး(အမျိုးသား)၊ ဂျူဒို(အမျိုးသား/အမျိုးသမီး)၊ ကရာတေး(အမျိုးသား/ အမျိုးသမီး)၊ ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး)၊ ရေကူး (အမျိုးသား/ အမျိုးသမီး)၊ စားပွဲတင်တင်းနစ် (အမျိုးသား/အမျိုးသမီး)၊ တိုက်ကွမ်ဒို (အမျိုးသား/ အမျိုးသမီး)၊ တင်းနစ်(အမျိုးသား)၊ ရိုးရာခြင်းလုံး (အမျိုးသား/ အမျိုးသမီး)၊ မြန်မာ့သိုင်း (အမျိုးသား/အမျိုးသမီး)၊ ဘော်လီဘော (အမျိုးသား/ အမျိုးသမီး)၊ ဗိုဗီနမ် (အမျိုးသား/ အမျိုးသမီး)၊ အလေးမ(အမျိုးသား/ အမျိုးသမီး)၊ ဝူရှူး(အမျိုးသား/ အမျိုးသမီး)ပြိုင်ပွဲဟူ၍ အားကစားနည်း ၂၃ မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၆၅၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ရန် လျာထားလျက်ရှိကြောင်း သိရသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးသာမက တစ်နိုင်ငံလုံးမှ ပြည်သူများနှင့် နိုင်ငံတကာမှ လာရောက်အားပေးကြည့်ရှုနိုင်ရန် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့က စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလံများနှင့် အမျိုးသားအားကစားပွဲတော်အလံကို Free Fall ဖြင့် ကွင်းအတွင်း သယ်ဆောင်ခြင်း၊ ကျောင်းသား ကျောင်းသူများ၏ သရုပ်ဖော်အကအလှများနှင့်အတူ ဖျော်ဖြေရေးအစီအစဉ်များ၊ နည်းပညာပိုင်းဆိုင်ရာ ပြကွက်များနှင့် ဖွင့်ပွဲ၊ ပိတ်ပွဲအထိမ်းအမှတ် မီးရှူး၊ မီးပန်းများ အလှဆင်ပစ်ဖောက်ခြင်းအစီအစဉ်များအပါအဝင် နိုင်ငံတော်အဆင့်နှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ မန္တလေးတိုင်းဒေသကြီးက ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးက တတိယ စသည်ဖြင့် ဆုတံဆိပ်များ အသီးသီးဆွတ်ခူးရရှိသွားခဲ့ရာ ယခုကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင်လည်း အောင်မြင်မှုရရှိခဲ့ကြသည့် အသင်းကြီးများက ဆက်လက်အောင်မြင်မှုရရှိရေး၊ အောင်မြင်မှုမရရှိခဲ့သေးသည့် အထူးသဖြင့် ပြည်နယ်အသင်းများကလည်း ယခုတစ်ကြိမ်တွင် အောင်မြင်မှုရရှိရေးအတွက် ကြိုတင်ပြင်ဆင်၍ စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

သို့ဖြင့် ဒီဇင်ဘာလူထုအားကစားလတွင် နေပြည်တော်၌ ကျင်းပမည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို အားကစားပရိသတ်တစ်ဦးအနေဖြင့် မျှော်လင့်ရင်ခုန်စွာ စောင့်ဆိုင်းရင်း နွေးထွေးလှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုလိုက်ရပေသည်။

အမျိုးသားအားကစားပွဲတော်ကြီး မကျင်းပနိုင်ခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုစာ ၁၀ နှစ်နီးပါး ကြာခဲ့ပေပြီကော။ ။

# မွန်ပြည်နယ်ဝန်ကြီးချုပ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ တက်ရောက်ချီးမြှင့်

**မုဒုံ အောက်တိုဘာ ၃၁**
မွန်ပြည်နယ် မုဒုံမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုးနှင့် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်တို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပရေးအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀ ကို ပေးအပ်ရာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက လက်ခံရယူသည်။ ယင်းနောက် ကမာဝက်မြို့ အောင်တော်မူကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ သီလဝန္တ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)က အလှူငွေကျပ် ၁၅ သိန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က အလှူငွေကျပ်သိန်း ၄၀၊ ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌက စာအုပ် ၅၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းစာကြည့်တိုက်၊ စာအုပ်ပြပွဲ၊ ပုံပြင်၊ ကဗျာ၊ ကျပန်း၊ စကားရည်လုပြိုင်ပွဲများ၊ ပျော်ရွှင်ဖွယ်ကစားပွဲများနှင့် လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြခန်း၊ ပညာရေး၊ ကျန်းမာရေး၊ မီးသတ်ဦးစီးဌာန၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့၏ပြခန်းများ၊ စာအုပ်အရောင်းဆိုင်များ၊ Physical Fitness Dance နှင့် မြန်မာ့သိုင်းသရုပ်ပြသမှုတို့ကို လှည့်လည်ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုများ ကျောင်းသား ကျောင်းသူများအား ပေးအပ်ချီးမြှင့်သည်။



အဆိုပါပွဲတော်ကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၁၀၀ ခန့် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြ၍ နှစ်ရက်ကြာ ကျင်းပကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

## မျက်စိဝေဒနာရှင်များအတွက် မရှိ၍မလင်းသူမရှိစေရ အစီအစဉ် ဗဟန်းမြို့နယ်၌ ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၃၁**
ရန်ကုန်တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ပြည်သူလူထုအတွင်း အဖြစ်များသော မျက်စိပြဿနာများကို ဖြေရှင်းခြင်း "မရှိ၍မလင်းသူမရှိစေရ" အစီအစဉ်ဆင့်ပွားအခမ်းနားကို အောက်တိုဘာ ၃၀ ရက်က ဗဟန်းမြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပရာ ကမာရွတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဝေက အမှာစကားပြောကြားပြီး ဗဟန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနီနီသော်က "မရှိ၍ မလင်းသူမရှိစေရ" အစီအစဉ်အကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် အစီအစဉ်နှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ပြီး တက်ရောက်လာသူများက ကျန်းမာရေး စာစောင်များနှင့် ပိုစတာများ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## ပေါင်းတည်၌ မိုးစပါးစံကွက်ရိတ်သိမ်း၊ တစ်ဧကလျှင် ၁၃၃ တင်းကျော် ထွက်ရှိ

**ပေါင်းတည် အောက်တိုဘာ ၃၁**
ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်အောင်၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး မောင်မောင်အောင်နှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၂၉ ရက်က ပေါင်းတည်မြို့နယ်၌ စိုက်ပျိုးထားသော တောင်သူ ဦးသိန်းထွန်း၏ ရတနာတိုး မျိုးသန့်စံပြကွက် စိုက်ခင်းအား အထွက်နှုန်းသိရှိစေရေးအတွက် စံကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးကြသည်။



ထိုသို့စံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စိုက်ပျိုးမှု ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မျိုးမင်း၊ မျိုးစေ့ဌာနခွဲ ခြံတာဝန်ခံ ဒေါ်ဌေးဌေးတင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ တောင်သူများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများကြည့်ရှုလေ့လာကြသည်။

အဆိုပါ ရတနာတိုးမျိုးသန့် မိုးစပါးစိုက်ခင်း ၁၀ ဧကကို တာဝန်ရှိသူများ စံကွက်ရိတ်သိမ်းရာ တစ်ဧကအထွက်နှုန်း ၁၃၃ ဒသမ ၂ တင်း ထွက်ရှိကြောင်း သိရသည်။

**ရွှေသား(ပြန်/ဆက်)**

## ပန်းတနော်မြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**ပန်းတနော် အောက်တိုဘာ ၃၁**
ဧရာဝတီ တိုင်းဒေသကြီး ပန်းတနော်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ အောက်တိုဘာ ၂၉ ရက်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ကျင်းပရာ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောလင်းခယ်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ယဉ်ဆွေဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မအူပင်ခရိုင် ပညာရေးမှူး ဒေါက်တာသန္တာဆွေ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းတို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနား မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ထို့နောက် မြတ်ပညာခန်းမ၌ အခမ်းအနားပထမပိုင်းကို ကျင်းပရာ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက အမှာစကား ပြောကြားပြီး ပန်းတနော်မြို့နယ်ရှိ စာကြည့်တိုက် ခြောက်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ဧည့်သည်တော်များက စာပေပြိုင်ပွဲများ၊ ကာယဉာဏစွမ်းရည်ပြိုင်ပွဲများ၊ ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောက်တန်းမြို့နယ်၌ မြို့နယ်သမဝါယမအသင်းစု နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၃၁**
ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် မြို့နယ်သမဝါယမအသင်းစုလီမိတက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို အောက်တိုဘာ ၃၀ ရက်က မြို့နယ်သမဝါယမအသင်းစုရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က အမှာစကားပြောကြားပြီး ဒါရိုက်တာအဖွဲ့မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊ စာရင်းစစ်အစီရင်ခံစာဖတ်ကြားခြင်း၊ နှစ်ချုပ်စာရင်း စစ်ဆေးချက် အစီရင်ခံစာများ ဖတ်ကြားရှင်းလင်းပြီး အတည်ပြုချက်ရယူကာ အသင်းဝင်အခြေခံအသင်းများသို့ အစုအမြတ်များ ပေးအပ်သည်။

**သန့်ဇင်ထွန်း(ကျောက်တန်း)**



## လှည်းကူးမြို့နယ်၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုအကြောင်း အသိပညာပေးဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၃၁**
ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ပြည်သူများ မီးခိုးမြူငွေ့ညစ်ညမ်းမှု အန္တရာယ်များအကြောင်းသိရှိစေရန် ရည်ရွယ်၍ အသိပညာပေး Talk Show ဆွေးနွေးပွဲကို အောက်တိုဘာ ၂၉ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသံစဉ်မှူးတို့က မီးခိုးမြူ ငွေ့အန္တရာယ်နှင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးဆိုင်ရာပြဿနာများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးနှင့်ပတ်သက်၍ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဗြိတိန်အလုပ်သမားအစိုးရ ရွေးကောက်ပွဲအပြီး ဘတ်ဂျက်တွင် အခွန်အများအပြားတိုးမြှင့်

**လန်ဒန် အောက်တိုဘာ ၃၁**

ဗြိတိန်အလုပ်သမားအစိုးရသည် ၎င်း၏ပထမဆုံး ရွေးကောက်ပွဲအပြီး ဘတ်ဂျက်တွင် အခွန်အများအပြား တိုးမြှင့်ခဲ့ကြောင်း ကြေညာခဲ့သည်။ ဝန်ကြီးချုပ် ကီယာ စတာမာ ဦးဆောင်သော အလုပ်သမားပါတီသည် ၁၄ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဇူလိုင်လတွင် အာဏာရခဲ့သည်။

လေဘာပါတီ၏ ဘဏ္ဍာရေးမူဝါဒဆိုင်ရာ အကြီးအကဲ ရေချယ်ရိဗ်က အလုပ်လုပ်ကိုင်သူများကို အကာအကွယ်ပေးရန်၊ စီးပွားရေးလုပ်ငန်းများနှင့် ကြွယ်ဝသူများအပေါ် အခွန်ငွေ ပေါင် ၄၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၅၂ ဘီလီယံ) တိုးမြှင့်မည်ဖြစ်ကြောင်း အောက်တိုဘာ ၃၀ ရက်က ပါလီမန်သို့ ပြောကြားခဲ့သည်။

အခွန်တိုးမြှင့်ခြင်းတွင် ကုမ္ပဏီများက ပေးဆောင်သော အမျိုးသားကျန်းမာရေးဝန်ဆောင်မှုအတွက် ပံ့ပိုးမှုများ တိုးမြှင့်ပေးခြင်းနှင့် ပုဂ္ဂလိကကျောင်းများအတွက် တန်ဖိုးထပ်တိုးခွန် (ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအတွက် စုစုပေါင်းကုန်ကျစရိတ်၏ ရာခိုင်နှုန်းခွန် -VAT) လျှော့ချထားခြင်းတို့ ပါဝင်မည်ဖြစ်သည်။ ကွန်ဆာဗေးတစ်ပါတီထားခဲ့သော ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ "အပေါက်" ကို ဖြည့်ဆည်းရန် တာဝန်ရှိသူ မည်သူမဆို ခက်ခဲသော ဆုံးဖြတ်ချက်များချရန် လိုအပ်မည်ဖြစ်ကြောင်း လေဘာပါတီ၏ ဘဏ္ဍာရေးမူဝါဒဆိုင်ရာ အကြီးအကဲ ရေချယ်ရိဗ်က ပြောသည်။

**အင်န်အိတ်ချ်ကေ**



## အစ္စရေးကို ဆက်လက်တိုက်ခိုက်သွားမည်ဟု ဟစ်ဇ်ဘိုလာ ခေါင်းဆောင်သစ် ပြောကြား

**ဘေရွတ် အောက်တိုဘာ ၃၁**

ဂါဇာ ကမ်းမြောင်ဒေသတွင် အပစ်အခတ်ရပ်စဲရေးမရမချင်း အစ္စရေးကို ဆက်လက်တိုက်ခိုက်သွားမည်ဟု လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာ၏ ခေါင်းဆောင်သစ်က ပြောကြားသည်။



နေဟ်စ်ရယ်လာ အသတ်ခံရပြီးနောက်ဟစ်ဇ်ဘိုလာခေါင်းဆောင်သစ်ဖြစ်လာသည့် နာဂျင်မ်ခါဆမ်က အောက်တိုဘာ ၃၀ ရက်က ထုတ်ပြန်ခဲ့သည့် ဗီဒီယိုတစ်ခုတွင် ယင်းမှတ်ချက်ကို ပြောကြားသည်။

ဟစ်ဇ်ဘိုလာ အဖွဲ့က လက်ဘနွန်ကို ကာကွယ်ရန်နှင့် ပါလက်စတိုင်းတို့အား ထောက်ခံသည့်အနေဖြင့် စစ်ပွဲကို ယခင်စီမံထားသည့် မူဘောင်အတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဟု ခါဆမ်က ပြောကြားသည်။

အောက်တိုဘာ ၃၀ ရက်က လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာများအပေါ် မြေပြင်ထိုးစစ်များ ဆက်လက်ဆင်နွှဲမှုနှင့်အတူ ဒုံးကျည်များ ပစ်လွှတ်ခြင်းအပါအဝင် ပစ်မှတ် ၁၀၀ ကျော်ကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားသည်။

အောက်တိုဘာ ၃၁ ရက်ကလည်း ဆီးရီးယားနိုင်ငံ အလယ်ပိုင်း ဟွမ်းစ်ပြည်နယ်၏ ကျေးလက်ဒေသရှိ အယ်လ်ကွစ်ဆေးရာ စက်မှုဇုန်နှင့် လူနေရပ်ကွက်များကို အစ္စရေး လေကြောင်း တိုက်ခိုက်မှုတစ်ခု ပြုလုပ်ခဲ့ကြောင်း ဆီးရီးယားနိုင်ငံပိုင်မီဒီယာက ဖော်ပြသည်။

အလားတူ အောက်တိုဘာ ၃၁ ရက်တွင် လက်ဘနွန်ဘက်မှ ဒုံးကျည်တစ်စင်း ကျရောက်မှုကြောင့် အစ္စရေးနိုင်ငံ မြောက်ပိုင်း မက်တူလာမြို့အနီးရှိ ဥယျာဉ်ခြံတစ်ခုမှ စိုက်ပျိုးရေးလုပ်သား ငါးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာပြင်းထန်စွာရရှိကြောင်း၊ သေဆုံးသူများအနက် လေးဦးမှာ ပြည်ပနိုင်ငံသားများဖြစ်ကြောင်း အစ္စရေးနိုင်ငံ အမ်ဒီအေကယ်ဆယ်ရေး ဝန်ဆောင်မှုနှင့် မက်တူလာဒေသဆိုင်ရာ ကောင်စီက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ**

## အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် တံတားပြိုကျမှုကြောင့် ခုနစ်ဦး သေဆုံး

**ဂျကာတာ အောက်တိုဘာ ၃၁**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း မာလူကူပြည်နယ် ပင်လယ်ကမ်းစပ်၌ တံတားပြိုကျမှုကြောင့် ခုနစ်ဦးသေဆုံးကာ အခြားအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်း သဘာဝဘေးအန္တရာယ်အေဂျင်စီမှ အကြီးတန်းအရာရှိတစ်ဦးက အောက်တိုဘာ ၃၁ ရက်တွင် ပြောကြားသည်။

မာလူကူခရိုင်တွင် အောက်တိုဘာ ၃၀ ရက် မွန်းလွဲပိုင်းက ပြည်နယ်ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းကို မဲဆွယ်စည်းရုံးပွဲအတွက် ထောက်ခံသူများက ကြိုဆိုရန် လူအုပ်စုလိုက်ဖြတ်သန်းလာစဉ် တံတားကျိုးကျမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် သဘာဝဘေးလျော့ပါးရေး အေဂျင်စီ ဌာနအကြီးအကဲ ဆန်ဒီ လူဟူလီမာက ပြောကြားသည်။

ထောက်ခံကြိုဆိုသူများ တံတားပေါ်အရောက်တွင် ချွတ်ယွင်းနေသည့်တံတားမှာ ကျိုးကျခဲ့ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။ ထိခိုက်သူများကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်၍ ဆေးကုပေးနေကြောင်း အဆိုပါ တာဝန်ရှိသူက ပြောသည်။

**ဆင်ဟွာ**

## ဗီယက်နမ်နိုင်ငံ၏ ဆန်တင်သွင်းမှုနှုန်း မြင့်တက်

**ဟနွိုင်း အောက်တိုဘာ ၃၁**

ဗီယက်နမ်ပြည်တွင်း ဆန်ရိက္ခာဖူလုံမှု အကန့်အသတ်သို့ ရောက်ရှိနေသောကြောင့် ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များက အိမ်နီးချင်းနိုင်ငံများမှ ထောက်ပံ့မှုများကို ရှာဖွေနေရကြောင်း ဗီယက်နမ်သတင်းက အောက်တိုဘာ ၃၁ ရက်တွင် ဖော်ပြသည်။



လယ်သမားများအနေဖြင့် အရည်အသွေးမြင့် ဆန်မျိုးများကို ပြည်ပသို့တင်ပို့ရန်အတွက်သာ စိုက်ပျိုးသည့်ပုံစံသို့ ပြောင်းလဲလာခြင်းကြောင့် ဗီယက်နမ်မှ ပြည်ပဆန်တင်သွင်းမှုနှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း စီးပွားရေးသတင်းထောက်များက ပြောကြားသည်။

ပြည်ပမှ တင်သွင်းလာသော ဆန်သည် ပြည်တွင်းဈေးကွက်တွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်နေပြီး ပြည်တွင်းဆန်ထုတ်လုပ်မှုအပေါ် သက်ရောက်မှုများစွာ မဖြစ်စေဘဲပိုမိုတွက်ခြေကိုက်သည့် ရွေးချယ်မှုကို ဖြည့်ဆည်းပေးသည့်အပြင် ဗီယက်နမ် ဆန်ပို့ကုန်တန်ဖိုးကိုလည်း တည်ငြိမ်အောင် စွမ်းဆောင်ပေးနေကြောင်း ကျွမ်းကျင်သူများက ဆိုသည်။

ဗီယက်နမ်သည် ယခုနှစ် ပထမ ကိုးလအတွင်း ဆန်တင်သွင်းမှုတွင် အမေရိကန်ဒေါ်လာ ၁ ဘီလီယံနီးပါး သုံးစွဲခဲ့ပြီး ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၅၇ ဒသမ ၃ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့မှ ထုတ်ပြန်သည့် အချက်အလက်များတွင် ဖော်ပြသည်။

ဗီယက်နမ်သည် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်ပြီးလျှင် တတိယအဆင့် ဆန်တင်သွင်းသည့်နိုင်ငံဖြစ်လာကြောင်း အမေရိကန် စိုက်ပျိုးရေးဌာနက ပြောသည်။

**ဆင်ဟွာ**

## ထိုင်းနိုင်ငံက လူဦးရေ တစ်သန်းခွဲနီးပါးကို နိုင်ငံသားဖြစ်ခွင့်ပေးတော့မည်

**ဘန်ကောက် အောက်တိုဘာ ၃၁**

ထိုင်းနိုင်ငံသည် ကာလရှည် ရွှေ့ပြောင်းနေထိုင်သူများနှင့် တိုင်းရင်းသားလူနည်းစု တစ်သန်းခွဲနီးပါးကို နိုင်ငံသားဖြစ်ခွင့်ပေးတော့မည်ဖြစ်သည်။ ထိုင်းနိုင်ငံသည် ရွှေ့ပြောင်းလုပ်သားအရေးရှုန်းကန်နေရချိန်တွင် ယင်းလှုပ်ရှားမှုသည် ထိုင်းနိုင်ငံ၏ စီးပွားရေးကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။

အဆိုပါလှုပ်ရှားမှုသည် လူပေါင်း ၄၈၃၀၀၀ အပေါ် အကျိုးသက်ရောက်မှုရှိမည်ဟု ထိုင်းအစိုးရအဖွဲ့က အောက်တိုဘာ ၂၉ ရက်က ပြောကြားခဲ့သည်။ အများစုမှာ ထိုင်းနိုင်ငံတွင် ၁၉၈၄ ခုနှစ်ကတည်းက နေထိုင်သူများဖြစ်ကြသည်။ အဆိုပါကိန်းဂဏန်းတွင် ဌာနေတိုင်းရင်းသား သို့မဟုတ် အထောက်အထားမဲ့လူနည်းစုများမှ မွေးဖွားလာသော ကလေး ၁၄၂၀၀၀ ပါဝင်မည်ဖြစ်ပြီး ၎င်းတို့အားလုံး နိုင်ငံသားဖြစ်ခွင့်ရမည်ဖြစ်သည်။

ယခုကဲ့သို့ တရားဝင်နေထိုင်ခွင့်ပေးခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်ပေးခြင်းကြောင့် ရွှေ့ပြောင်းအလုပ်သမားများ လွတ်လပ်စွာ ခရီးသွားလာနိုင်မည်ဖြစ်ပြီး နိုင်ငံ့စီးပွားရေးကို လှုံ့ဆော်ပေးမည်ဖြစ်ကြောင်း အရာရှိများက ပြောကြားသည်။

စနစ်ဟောင်းအရ နိုင်ငံသားဖြစ်ခွင့် လျှောက်လွှာတင်ရန် ၄၄ နှစ်ကြာမည်ဖြစ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ ထိုင်းနိုင်ငံသည် ဆောက်လုပ်ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် စိုက်ပျိုးရေးအပါအဝင် စက်မှုလုပ်ငန်းအမျိုးမျိုးတွင် ရွှေ့ပြောင်းလုပ်သားများကို ရေရှည်မှီခိုနေရသည်။

**အင်န်အိတ်ချ်ကေ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၃၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာ ကွင်းအမှတ် ၁၇၂၁ ၌ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ဧကများအတွက် ဆောင်းသီးနှံမတ်ပဲနှင့် နေကြာမျိုးစေ့ ထောက်ပံ့ပေးအပ်ခြင်းနှင့် မြေပြင်ခြင်း၊ စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲသို့တက်ရောက်ပြီး ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ဧရိယာများတွင် ဆောင်းသီးနှံ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မတ်ပဲနှင့် နေကြာမျိုးစေ့များကို တောင်သူများထံ ထောက်ပံ့ပေးအပ်ကာ တောင်သူများ၏တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ အဆိုပါကွင်းအတွင်း သီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နေပြည်တော်စက်မှုလယ်ယာဦးစီးဌာနက စက်ယန္တရားများဖြင့် ထယ်ရေးထွန်ယက်နေမှုနှင့် မြေပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**



ထို့နောက် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားကွင်း၊ အားကစားရုံ၌ စခန်းသွင်းလေ့ကျင့်နေသော ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နေပြည်တော်ကိုယ်စားပြု အားကစားသမားများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ဖြည့်စွက်အားဖြည့်စာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက်ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအုပ်စု ရှားတောကျေးရွာ၌ ပိုင်ရှင် ဦးသောင်းကြည်၏ ခြံစနစ်ဖြင့် မွေးမြူထားသော နွားမွေးမြူရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လယ်ဝေးမြို့နယ် သီရိမင်္ဂလာခန်းမ၌ကျင်းပသည့် လယ်ဝေးမြို့နယ်၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကာ ဒေသတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြား၍ လယ်ဝေးမြို့နယ်အတွင်း ရာဂီမုန်တိုင်းကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာများမှ ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ပရဟိတအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ လယ်ဝေးမြို့နယ်အတွင်းရှိ ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး လမ်းဘေးဝဲ/ယာတွင် လမ်းတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဧရာဝတီတိုင်းဒေသကြီး၌ (AI) နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

**ပုသိမ် အောက်တိုဘာ ၃၁**

Artificial Intelligence (AI) နည်းပညာ သင်တန်းဆင်းပွဲအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ရုံး အစည်းအဝေးခန်းမ (၁) ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က (AI) အခြေပြုရုံးလုပ်ငန်းဆောင်တာ သင်တန်းဆင်းပွဲ အမှာစကား ပြောကြားသည်။

ဆက်လက်၍ “ဥပဒေပြုရေးကဏ္ဍအပေါ် (AI)နည်းပညာဖြင့် အကျိုးသက်ရောက်မှု” Project နှင့် “လွှတ်တော်သက်တမ်းတစ်ရပ်၏ ဆောင်ရွက်ချက်ကို AI နည်းပညာဖြင့် ဖန်တီးခြင်း” Project တို့ကို ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ရုံးဝန်ထမ်းများက ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြည့်ရှုအားပေးပြီး သင်တန်းသားများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ သင်တန်းနည်းပြ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်အလုပ်အမှုဆောင်၊ တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းနာယက ဦးမောင်မောင်ဦးအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် သင်တန်းနည်းပြဆရာ ဦးမောင်မောင်ဦးက သင်တန်းသားများကို သင်တန်းဆင်းလက်မှတ် ပေးအပ်ပြီး စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။ **(အပေါ်ယာပုံ)**



အဆိုပါ AI နည်းပညာအခြေပြု ရုံးလုပ်ငန်းဆောင်တာ သင်တန်းကို သင်တန်းကာလ ငါးရက်ကြာ ဖွင့်လှစ်ခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ရုံး အရာထမ်း ၁၀ ဦး၊ အမှုထမ်း ၃၄ ဦး စုစုပေါင်း သင်တန်းသား ၄၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❒ *ကျောဖုံးမှ*

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၈) ရက် (၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ထုံးကျောက်တောင်များတွင် ကျက်စားသည့် ရှားပါးတောရိုင်းတိရစ္ဆာန်မျိုးစိတ်များနှင့် ယင်းတို့၏ ထုံးကျောက်တောင်ဂေဟာစနစ်ကို ထိန်းသိမ်းကာကွယ်ရန်၊ သိပ္ပံဆိုင်ရာသုတေသနလုပ်ငန်းများကို အထောက်အကူပြုစေရန်၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်နှင့် ပန်းလောင်နှင့် ဇော်ဂျီမြစ်တို့၏ ရေဝေရေလဲသစ်တောများကို ထိန်းသိမ်းရန် ရည်ရွယ်၍ ရေထွက်ကျောက်ခေါင်း (လင်းဝေး) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေကို သတ်မှတ်ခြင်းဖြစ်သည်။



ရေထွက်ကျောက်ခေါင်း (လင်းဝေး) ဘူမိရုပ်သွင်ထူးခြားသည့် နယ်မြေသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ (၃၇၀၀) ကျော်တွင် တည်ရှိနေကာ မြေပြန့်လွင်ပြင်နည်းပါး၍ တောင်ကုန်း၊ တောင်စွယ်များ၏ သဘာဝအလှများဖြင့် တင့်တယ်လှသည်။ ရေထွက်ဂူတည်ရှိရာ ထုံးကျောက်လိုဏ်ဂူတောင်တန်းသည် အနောက်မှ အရှေ့သို့ သွယ်တန်းနေပြီး အရှေ့မှ တောင်ဘက်စူးစူးသို့ ငါးမျှားချိတ်သဏ္ဍာန်တည်ရှိနေပါသည်။ ထုံးကျောက်တောင်၏ ဝန်းကျင်ရှိ ဧက (၂၀)ခန့်ကျယ်ဝန်းသည့်ဒေသအခေါ် နဂါးအင်းကောရေဝပ်ဧရိယာသည် ဇွန်လမှ အောက်တိုဘာလအထိ (၅) လတာ ကာလအတွင်း ပြာလဲ့လဲ့ ရေပြင်ဖုံးလွှမ်းနေပြီး အင်းရေကျချိန်တွင် ဒေသခံတောင်သူများ စိုက်ပျိုးသည့် ကိုင်းသီးနှံခင်းများ၏ စိမ်းလဲ့လဲ့အရောင်သို့ ပြောင်းလဲတွေ့မြင်ရသည်။

ရေထွက်ကျောက်ခေါင်းတွင် ဂူ (၂) ခုကို တွေ့ရှိရပြီး ဂူအမှတ် (၁) ၏အဝင် ဂူမျက်နှာဝသည် (၃၆) ပေကျယ်ဝန်းပြီး (၄၈) ပေအမြင့်ရှိကာ ရေငုတ်၍ဝင်ရောက်ပါက အတွင်းသို့ ပေ (၂၆၅၀) အထိသာ ဝင်ရောက်နိုင်စွမ်းရှိကြောင်းသိရသည်။ ဂူအမှတ် (၂) ၏ အဝင်ဂူမျက်နှာဝအကျယ်သည် (၃၅) ပေကျယ်ဝန်းပြီး (၁၀) ပေ အမြင့်ရှိကာ အတွင်းပိုင်းသို့ ပေ (၂၀၀) ခန့်အထိသာ ဝင်ရောက်နိုင်ကြောင်း သိရသည်။ ဂူ၏အရှေ့ဘက်တွင်လည်း တောင်ပေါ်မြက်ခင်းတောကိုလည်း တွေ့မြင်ရနိုင်သည်။ ယမနေ၊ ထောက်ကြံ့၊ သင်းဝင်ဖို၊ သပြေ၊ ကြို့၊ သံသေ၊ ဇောင်းပလွေး၊ သတိ အပါအဝင် ဒေသသစ်မျိုး (၄၇) မျိုး၊ တပင်တိုင်မြနန်း၊ တပင်ရွှေထီး၊ ဥပတကာနွယ်၊ ဆင်တုံးမနွယ်စသည့် ပရဆေးပင် (၇) မျိုး၊ ဝါးပိုးဝါး၊ မျှင်ဝါးနှင့် သိုက်ဝါး စသည့် ဝါး (၃) မျိုး ပေါက်ရောက်လျက်ရှိသည့် အထက်ပြတ်ရောနှောတောနှင့် တောင်ပေါ်အမြဲစိမ်းတောတို့ကို တွေ့ရှိရသည်။

ရေထွက်ကျောက်ခေါင်း (လင်းဝေး) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ သတ်မှတ်ခြင်းအားဖြင့် ယင်းဒေသတွင် ကျက်စားနေထိုင်သည့် ချေ၊ ကြောင်မြင်း၊ ကြောင်ဝံပိုက်၊ ကြောင်နံ့သာ၊ မျောက်လေပွေ၊ ခွေးတူဝက်တူ၊ ခွေးအ၊ ဖျံခြေသည်းငယ်၊ ဖြူမြီးဖွာ၊ ဝါးဘိုးကြွက်နှင့် လင်းနို့မျိုးစိတ်များအပါအဝင် နို့တိုက်သတ္တဝါမျိုးစိတ် (၂၄) မျိုး၊ ဒေါင်းစိမ်း၊ ငုံး၊ ဖိုးခေါင်ငှက်၊ ကြက်တူရွေး၊ ဗွတ်ကလုံ၊ အောက်ချင်းငှက်၊ ဝါးယောင်းငှက်၊ လင်းယုန်၊ ချိုး၊ ချိုးသိန်း၊ ငှက်ရွှေဝါ၊ ရစ်ငှက်စသည့် ငှက်မျိုးစိတ် (၄၆) မျိုးအပြင် ဆောင်းခိုငှက်များ၊ လိပ်ဝါနှင့် အထူးသဖြင့် မြန်မာ့ဒေသရင်းမျိုးစိတ်ဖြစ်သည့် လင်းဝေးဒေသ၏ ထုံးကျောက်တောင် တောက်တဲ့ (Cyrtodactylus Linnwayensis) မျိုးစိတ်များကို ထိန်းသိမ်းကာကွယ်နိုင်ခြင်း၊ သိပ္ပံပညာရပ်များအတွက် တန်ဖိုးမဖြတ်နိုင်သည့် သုတေသနအခွင့်လမ်းများစွာကို ထောက်ပံ့ပေးနိုင်ခြင်း၊ ရေထွက်ထုံးကျောက်ဂူများ၏ ဂေဟာစနစ်များနှင့် ထူးခြားသည့် သဘာဝအနေအထားများကို အခြေပြု၍ သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဖော်ဆောင်နိုင်ခြင်း၊ နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်နိုင်ခြင်းဖြင့် ဒေသခံတိုင်းရင်းများ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည် ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ကန့်ဘလူမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာနှစ်ရွာကို မီးရှို့ဖျက်ဆီးခဲ့ပြီး အိုင်ပေါင်းချောင်ရွာမှ ပြည်သူများကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိ




**နေပြည်တော် အောက်တိုဘာ ၃၁**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် စစ်ကြောင်းထိုးနေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အောက်တိုဘာ ၃၀ ရက်က ကျေးရွာနှစ်ရွာကို ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးခဲ့ပြီး အိုင်ပေါင်းချောင်ရွာမှ ပြည်သူ ၃၀ ကျော်ကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားကာ မုံလှရွာရှိ ခရစ်ယာန်ဘုရားကျောင်းကို ဒရုန်းဖြင့် ဗုံးကြဲဖျက်ဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများအား ဆက်သွယ်မေးမြန်းချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် အဆိုပါရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာများဝန်းကျင်တွင် လုံခြုံရေးဆောင်ရွက်ခဲ့ခြင်း မရှိကြောင်း သိရှိရပြီး တရားမဝင်ပြည်ဖျက်မီဒီယာများက ဖြစ်စဉ်ဖြစ်ရပ်မှန်ကန်မှုမရှိသည့် သတင်းမှားများကို လုပ်ကြံရေးသားကာ လူမှုကွန်ရက်တွင် ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်း လောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မိုးညှင်းထောင်၌ ထောင်အာဏာပိုင်များက ခြိမ်းခြောက်ငွေတောင်းဟု မဟုတ်မမှန်ရေးသားဖော်ပြ

**နေပြည်တော် အောက်တိုဘာ ၃၁**
မိုးညှင်းထောင်၌ နိုင်/ကျဉ်းများထံမှ ထောင်အာဏာပိုင်များက ခြိမ်းခြောက်ငွေ တောင်းသည့်အပြင် ကျန်းမာရေးမကောင်းလျှင် ဆေးဝါးကုသခွင့်မရဟူ၍ လည်းကောင်း၊ မိတ္ထီလာအကျဉ်းထောင်တွင် သန့်ရှင်းမှုရှိသော သောက်ရေနှင့် ချိုးရေမရဟူ၍ လည်းကောင်း Khit Thit Media အမည်ခံ Facebook Page က မဟုတ်မမှန် လုပ်ကြံသတင်းများ ရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ မိုးညှင်းဗဟိုအကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသားဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိပြီး ထောင်တာဝန်ခံအရာရှိသည် မည်သည့်အကျဉ်းထောင်ဝန်ထမ်းကိုမဆို အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများနှင့် ငွေကြေး ပတ်သက်ဆက်နွယ်ခြင်း၊ တောင်းခံခြင်းများ မပြုလုပ်ရန် အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ လာဘ်ပေးလာဘ်ယူပြုလုပ်သည်ဟု စစ်ဆေးပေါ်ပေါက်ပါက ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကျဉ်းထောင်တာဝန်ရှိသူထံမှ သိရသည်။

မိုးညှင်းဗဟိုအကျဉ်းထောင်၌ အကျဉ်းထောင်ဆေးရုံအုပ် မရှိသော်လည်း တာဝန်ခံဆရာဝန်နှင့် အမျိုးသား သူနာပြုတစ်ဦးတို့က ကျန်းမာရေးမကောင်းသည့် အကျဉ်းသား အကျဉ်းသူများအား နေ့စဉ် ကြည့်ရှုကုသပေးလျက်ရှိကြောင်း၊ ထို့ပြင် ဆေးရုံတင်ပို့ကုသရမည့် အကျဉ်းသား အကျဉ်းသူများအား မိုးညှင်းပြည်သူ့ဆေးရုံကြီးသို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့ ကုသပေးလျက်ရှိသည့်အပြင် လိုအပ်သည့်ဆေးဝါးများနှင့် ကုန်ကျစရိတ်များကို ဦးစီးဌာန ရန်ပုံငွေမှ ကျခံဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိုးညှင်းဗဟိုအကျဉ်းထောင်ရှိ အဆောက်အဦ ပြင်ဆင်ခြင်းများအား ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေဖြင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး မည်သည့်အကျဉ်းသား တစ်ဦးတစ်ယောက်ထံမှ အဆောက်အဦ ပြင်ဆင်စရိတ် တောင်းခံခြင်း၊ ငွေကြေးတောင်းခံခြင်းများ မရှိကြောင်း၊ အကျဉ်းထောင်ရှိ အိပ်ဆောင်များတွင် အချို့အခန်းများသည် ဆွေးမြည့်ပျက်စီးနေသည့်အတွက် အကျဉ်းသားများ၏ လုပ်အားဖြင့် ပြင်ဆင်ခြင်း၊ ရုံးသုံးပရိဘောဂများ ပြုပြင်ခြင်းတို့သာ ဆောင်ရွက်မှုရှိပြီး ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ထောင်တွင်းပစ္စည်း ရောင်းချခွင့်မရှိဘဲ ဥပဒေအရ တင်းကျပ်စွာ တားမြစ်ထားပြီး အကျဉ်းသားများအပ်နှံထားသော ငွေဖြင့် ပစ္စည်းများဝယ်ယူပေးသောစနစ်ဖြင့် ဝယ်ယူပေးရာတွင်လည်း ပြင်ပတွင် ရောင်းနေသော ဈေးနှင့်မကွာခြားစေရန် စီစဉ်ဆောင်ရွက်ထားရှိပြီး အကျဉ်းသားအပေါ် အဆမတန်ဈေးတင်ခြင်း၊ အမြတ်ထုတ်ခြင်း ပြုလုပ်ကြောင်း စစ်ဆေးပေါ်ပေါက်ပါက ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်သည့်အတွက် Khit Thit Media အမည်ခံ Facebook Page က ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်း ဖြစ်သည်။

ထို့အတူ Khit Thit Media အမည်ခံ Facebook Page က ဖော်ပြထားသော မိတ္ထီလာအကျဉ်းထောင်တွင် သန့်ရှင်းမှုရှိသော သောက်ရေနှင့် ချိုးရေ မရဖြစ်နေသည်ဟူသည်မှာ မှန်ကန်မှုမရှိဘဲ မိတ္ထီလာအကျဉ်းထောင်ရှိ အကျဉ်းသားများ၏ ချိုးရေ၊ သုံးရေများအတွက် မိတ္ထီလာကန်မှစုပ်ယူကာ အကျဉ်းထောင်ရှိ ဂါလန် ၈၀၀၀ ဆံ့ ရေကန်အတွင်းသို့ ဖြည့်သွင်း၍ တစ်နေ့လျှင် ၆ နာရီ နှစ်ကြိမ် ဖြန့်ဝေပေးလျက်ရှိကြောင်း။

ထို့ပြင် လျှပ်စစ်မီး မလာသည့် အချိန်များတွင် မီးစက်မောင်းနှင်၍ ရေမပြတ်အောင် ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိပြီး ရေများ သန့်ရှင်းမှုရှိစေရန် ရေကန်များကို အမြဲမပြတ် သန့်ရှင်းဆေးကြောပေးလျက်ရှိကာ လုံလောက်မှုရှိကြောင်း၊ သောက်ရေအတွက် အကျဉ်းထောင် ရေသန့်စက်ဖြင့် နေ့စဉ် လီတာ ၃၀၀၀ ခန့် သောက်သုံးခွင့်ရရှိအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေသန့်စက်မှထွက်ရှိသည့် ရေသန့်များကို အိပ်ဆောင်အလိုက် လီတာ ၂၀ ဆံ့သည့် ဘူးများဖြင့် နေ့စဉ်ဖြန့်ဝေပေးလျက်ရှိကြောင်း အကျဉ်းထောင်တာဝန်ရှိသူထံမှ သိရသည်။

အလားတူ မိတ္ထီလာအကျဉ်းထောင်တွင် အကျဉ်းထောင်ဆရာဝန် တစ်ဦးနှင့် သူနာပြုတစ်ဦးတို့က အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများအား ကျန်းမာရေး စောင့်ရှောက်မှု နေ့စဉ်ကြည့်ရှု ဆောင်ရွက်ပေးလျက်ရှိပြီး အကျဉ်းသား အကျဉ်းသူများအား အရေပြားယားနာရောဂါများ မဖြစ်ပွားစေရန် တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် အိပ်ဆောင်၊ အခန်းများ သန့်ရှင်းမှုရှိစေရန် တာဝန်ရှိသူ အဆင့်ဆင့်မှ ကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိသည့် အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ် လုပ်ငန်းများကို ထင်ယောင်ထင်မှား ဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် သတင်းဖော်ပြခြင်းသာဖြစ်သည်။

**သစ္စာ**

❂ *ကျောဖုံးမှ*
စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရဲသာယာယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၆၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan UD Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၄၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ ကလေးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၇ မျိုး၊ လုပ်ငန်းသုံးပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၈၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကို လည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးနှင့် ရန်ကုန်မြို့မှ အောင်ပန်းမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး၊ လူသုံးကုန် ပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၈၁၃၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၀၀၀၀၀၀)ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၁၄၄၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ စဉ့်ကိုင်မြို့ BOC ဆီဆိုင်အနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၇၀၇၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၄၂၇၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၆၉၈၅၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် သရက်ခရိုင်အတွင်း၌ တရားမဝင် မီးသွေး ၅ ဒသမ ၃၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၄၄၈)ကို သစ်တောဥပဒေအရ လည်းကောင်း၊ မကွေးခရိုင် ရေနံချောင်းမြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၄၄၈ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင် အင်္ဂပူမြို့နယ်၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၅၆၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၃၀ ရက်တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၈ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၈၄၇၃၄၀၄၈)ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# တောင်သူ့ရွှေခေတ်ရောက်စေဖို့ ရေတင်လုပ်ငန်းများဖြင့် ကူညီစို့ ...

## ရွှေယွန်းအိမ်

**မြစ်ရေသည် တိုင်းဒေသကြီး၏ အလယ်ဗဟိုမှ ရစ်ခွေစီးဆင်းကာ ဒေသပြည်သူများကို အကျိုးပြုလျက်ရှိသည်။ အပူပိုင်းဒေသ မကွေးတိုင်းဒေသကြီးအတွက် ဧရာဝတီမြစ်ကြီးသည် တန်ဖိုးဖြတ်၍ မရသည့် သဘာဝတရား၏ လက်ဆောင်တစ်ခု ဖြစ်သည်။ ဧရာဝတီကိုမှီတည်၍ ကမ်းတစ်ဖက်စီတွင် မကွေးတိုင်းဒေသကြီး အတွင်းမှ မြို့များစွာ၊ ကျေးရွာများစွာ တည်ရှိနေသည်။**

မြင်ကွန်းကျေးရွာသည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းဘေးတွင် တည်ရှိသည့် တိုင်းဒေသကြီးအတွင်းမှ ကျေးရွာတစ်ခုဖြစ်သည်။ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းတည်ရှိပြီး စပါးနှင့် ဆီထွက်သီးနှံများကို အဓိကစိုက်ပျိုး၍ အသက်မွေးဝမ်းကျောင်းပြုကြသည်။



မြင်ကွန်းရေတင်တွင် (168)kW ဆိုလာစနစ်တပ်ဆင်ထားရှိသည်ကို တွေ့ရစဉ်။

**“စပါးက ပန်းတိုင်အထွက်နှုန်းအတိုင်း ထွက်ရှိတယ်။ ဆီထွက်သီးနှံကလည်း ပန်းတိုင်အထွက်နှုန်းအတိုင်း ထွက်ရှိတယ်။ ဒီလိုအထွက်နှုန်းကောင်းတော့ တောင်သူဝင်ငွေကောင်းတာပေါ့။ အရင်က ဧရာဝတီမြစ်ကြီးရှိပေမယ့် မြစ်ရေတင်မရှိတော့ မိုးမျှော်ပြီး စိုက်ပျိုးရတာပေါ့။ အခုက မြစ်ရေတင်ရှိပြီဖြစ်တဲ့အတွက် အထွက်နှုန်းရဖို့ပဲ ဂရုစိုက်ရတယ်၊ မိုးမျှော်ရတုန်းကလို မိုးမရွာလို့ သီးနှံမရတာမျိုးမရှိတော့ဘူး”** ဟု မြင်ကွန်းကျေးရွာမှ တောင်သူ ဦးကိုကိုမောင်က ပြောပြသည်။

မြင်ကွန်းကျေးရွာနှင့် ဆက်စပ်ကျေးရွာများရှိ စိုက်ပျိုးမြေဧက ၅၀၀ ကို မြင်ကွန်းဆိုလာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးရေပေးဝေလျက်ရှိသည်။ မြစ်ရေတင်လုပ်ငန်းများဖြင့် စိုက်ပျိုးရေနှစ်စဉ်ပေးဝေရာတွင် အသုံးပြုသည့် လျှပ်စစ်ဓာတ်အားယူနစ်နှင့် လျှပ်စစ်ဓာတ်အားခ ကုန်ကျစရိတ်ကို လျှော့ချနိုင်ရန် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်မှရရှိသည့် ဆိုလာဓာတ်အားသုံးစနစ်ကို အသုံးပြု၍ ယခုနှစ် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၁၆၈ ကီလိုဝပ် တွဲဖက်တပ်ဆင်ထားသည့် ဆိုလာရေတင်လုပ်ငန်းသစ်တစ်ခုအဖြစ် တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

**“ကျွန်တော်တို့ တိုင်းဒေသကြီးက စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်တဲ့တောင်သူတွေများတယ်။ တောင်သူတွေက ဆီထွက်သီးနှံကို အဓိကထားစိုက်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ဆီအိုးကြီးလို့တောင် တင်စားကြတယ်။ နိုင်ငံတော်အကြီးအကဲ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်ကလည်း စိုက်ပျိုးရေးမှာ ထိပ်တန်းတိုင်းဒေသကြီးဖြစ်အောင်၊ စိုက်ပျိုးရေးနဲ့ ဒေသတောင်သူ လူမှုစီးပွားတိုးတက်အောင် စီမံဆောင်ရွက်ဖို့ လမ်းညွှန်မှာကြားတာရှိပါတယ်။ ဒါကြောင့် တောင်သူတွေ စိုက်ပျိုးရေးကို ဆပွားလုပ်နိုင်ဖို့ စိုက်ပျိုးရေရရှိရေး နည်းလမ်းအမျိုးမျိုးကို ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ အကောင်အထည်ဖော်ရပါတယ်။ ရေတင်စနစ်ကတော့ တည်ရှိနေတဲ့ ရေအရင်းအမြစ်ကို အသုံးချတဲ့နည်းလမ်းတစ်ခုပါ။ အသုံးချရာမှာလည်း လျှပ်စစ်ဓာတ်အားခ လျော့ကျအောင် ဆိုလာစနစ်တွေနဲ့ ပြောင်းလဲအသုံးပြုပါတယ်။ ရေတင်လုပ်ငန်း ၃၂ ခုကနေ နွေ/မိုး သီးနှံဧကပေါင်း ၅၃၇၅၇ ဧကကို စိုက်ပျိုးရေပေးဝေလျက်ရှိပါတယ်”**ဟု မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က ပြောကြားသည်။

တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေရရှိရေးအတွက် လက်ရှိတွင် ရေတင်လုပ်ငန်း ၃၂ ခုကို ဆောင်ရွက်ထားရှိပြီးဖြစ်သည်။ ဆောင်ရွက်ပြီးစီးသည့် ရေတင်လုပ်ငန်းများတွင် မြင်ကွန်းဆိုလာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းကဲ့သို့ ဆိုလာစနစ်ဖြင့် ဆောင်ရွက်သည့် ရေတင်လုပ်ငန်း ၁၂ ခုပါဝင်ကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

“ကျွန်တော်တို့ ဒေသမှာ အခု မြင်ကွန်းမြစ်ရေတင်ကြောင့် စိုက်ပျိုးရေရရှိလာတော့ တောင်သူတွေက အမြင်ကျယ်လာတယ်။ ယာထက် လယ်လုပ်ပြီး တစ်နှစ်ပတ်လုံး တစ်သီးပြီးတစ်သီး စိုက်ပျိုးချင်ကြတယ်။ လယ်လုပ်တဲ့သူကလည်း စပါး၊ နှမ်း၊ မြေပဲ ပန်းတိုင်အထွက်နှုန်းအတိုင်း ရရှိကြတယ်။ ဒါကြောင့် မြင်ကွန်းမြစ်ရေတင်ကနေ ရေပေးနိုင်တဲ့ ဧရိယာမှာရှိနေတဲ့ တောင်သူတိုင်းက ယာကနေ လယ်အဖြစ်ပြောင်းပြီး စိုက်ပျိုးရေးအတွက် အားထည့်လာကြတယ်။ မျိုး၊ မြေ၊ ရေ၊ နည်း ဟန်ချက်ညီအောင် အစိုးရအနေနဲ့ ကြိုးပမ်းဖြည့်ဆည်းပေးနေတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဆက်ပြီးတော့ တောင်သူတွေကို ရွှေခေတ်ရောက်အောင် ကူညီပေးစေချင်ပါတယ်”ဟု မြင်ကွန်းကျေးရွာမှ တောင်သူ ဦးကိုကိုမောင်က ဆိုသည်။

လက်ရှိတွင် မြင်ကွန်းဆိုလာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးရေပေးဝေသည့် ဧရိယာ ဧက ၅၀၀ တွင် စပါးစိုက်ဧက ၃၂၅ ဧကရှိပြီး ကျန်စိုက်ပျိုးဧက ၁၇၅ ဧကတွင် ဆီထွက်သီးနှံနှင့် အခြားသီးနှံများကို စိုက်ပျိုးလျက်ရှိသည်။

“မြင်ကွန်းရေတင်ကနေ စိုက်ပျိုးရေပေးဝေနေတဲ့ ဧက ၅၀၀ ဟာ မူလမြေမျိုးကြီးအရ မြေနီသဲဝန်း ယာမြေအမျိုးအစားတွေသာ ဖြစ်ပါတယ်။ အခုဆိုရင် ဒီယာမြေ ဧက ၅၀၀ ကနေ လယ်မြေအဖြစ် ပြောင်းလဲပြီး စပါးစိုက်ပျိုးလာတာဟာ ၃၂၅ ဧက အထိရှိလာပြီး ၁၂၅ ဧကသာ ယာမြေအဖြစ်ကျန်ရှိပြီး ဆီထွက်သီးနှံတွေဖြစ်တဲ့ မြေပဲ၊ နှမ်းတွေကို စိုက်ပျိုးကြပါတယ်။ ဧက ၅၀၀ အားလုံး ယာမြေကနေ လယ်မြေအဖြစ် တစ်ချိန်တည်း တစ်ပြိုင်နက်တည်း ပြောင်းလဲဖို့က ခက်ပါတယ်။ အချိန်ယူပြီးလုပ်ရမှာပါ။ တောင်သူတွေအတွက် လယ်လုပ်မခက်၊ လယ်တည်ခက်ဆိုသလို ယာမြေကနေ လယ်မြေဖြစ်အောင်ကို ညီညာအောင် ပြုပြင်ရတာ ကုန်ကျစရိတ်များပါတယ်”ဟု မကွေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဦးက ရှင်းပြသည်။

မြင်ကွန်းလျှပ်စစ် မြစ်ရေတင်လုပ်ငန်းကို မြင်ကွန်းဆိုလာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းအဖြစ် ကူးပြောင်းရာတွင် ဆိုလာစနစ်များ တပ်ဆင်ရန် မြေနေရာအခက်အခဲရှိသည့်အတွက် ရေပေးမြောင်းပေါ်တွင် Canal Top System အဖြစ် တပ်ဆင်ခဲ့ရသည်။ ထိုသို့ တပ်ဆင်ခြင်းအားဖြင့် ဆိုလာစနစ်အတွက် အပူချိန်လျှော့ချနိုင်ခြင်း၊ စိုက်ပျိုးမြေဆုံးရှုံးမှုမဖြစ်ပေါ်စေခြင်း စသည့်အကျိုးရလဒ်ရှိသည့် နည်းပညာပိုင်းဆိုင်ရာ ဖော်ဆောင်နိုင်ခဲ့သည့် ထူးခြားသော ဆိုလာတပ်ဆင်ရေတင်တစ်ခုဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**“သဲဆန်တဲ့ ယာမြေဧက ၅၀၀ ကို လယ်မြေဖြစ်အောင် ဧရာဝတီမြစ်ရေကို အမြင့်ပေ ၈၂ ပေအထိ ရေတင်စက်တွေနဲ့ တွန်းတင်ပြီး ရေပေးမြောင်းတွေနဲ့ စနစ်တကျ ဖြန့်ဝေပေးရပါတယ်။** တင်ပေးလိုက်တဲ့ရေတွေထဲမှာ မြေဆီဩဇာကောင်းမွန်တဲ့ နုန်းအနည်အနှစ်တွေ ပါဝင်လာပါတယ်။ ပါဝင်လာတဲ့ နုန်းအနည်အနှစ်တွေနဲ့ ယာမြေတွေဟာ အရင်က တစ်နှစ် နှစ်သီးသာ စိုက်ပျိုးနိုင်ပေမယ့် အခုတစ်နှစ် သုံးသီး စိုက်ပျိုးလာနိုင်တဲ့ လယ်မြေတွေဖြစ်လာပါပြီ။ အခုနှစ်မှာ ဆိုလာစနစ် တွဲဖက်တပ်ဆင်ပြီးလို့ မိုးစပါးအပြီး ဆောင်းသီးနှံအဖြစ် မတ်ပဲ၊ နေကြာ စိုက်ပျိုးနေကြတဲ့အချိန်မှာ ရေလိုအပ်မှုနည်းပါတယ်။ ဒီအချိန်မှာ ဆိုလာကထွက်နေတဲ့ ဓာတ်အားကိုအလဟဿမဖြစ်အောင်ရေသောက်ဧရိယာထဲမှာ ရှိတဲ့ မြေသားရေလှောင်ကန် လေးကန်ကို ရေအမြဲမပြတ် အပြည့်ဖြည့်ထားနိုင်လာမှာပါ။ ဒီလို ရေဖြည့်ရေလှောင်ထားခြင်းအားဖြင့် စိုက်ပျိုးရေ၊ ကျွဲ/ နွားတိရစ္ဆာန် သောက်ရေ၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနဲ့ မြေအောက်ရေပြန်လည်ဖြည့်တင်းခြင်းကို အများကြီး အထောက်အကူဖြစ်စေပါတယ်”ဟု ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဦးက ရှင်းပြသည်။

*စာမျက်နှာ ၁၇ သို့*

**“မြင်ကွန်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို မြင်ကွန်းဆိုလာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းအဖြစ် ကူးပြောင်းရာတွင် ဆိုလာစနစ်များတပ်ဆင်ရန် မြေနေရာအခက်အခဲရှိသည့်အတွက် ရေပေးမြောင်းပေါ်တွင် Canal Top System အဖြစ် တပ်ဆင်ခဲ့ရသည်။ ထိုသို့ တပ်ဆင်ခြင်းအားဖြင့် ဆိုလာစနစ်အတွက် အပူချိန်လျှော့ချနိုင်ခြင်း၊ စိုက်ပျိုးမြေဆုံးရှုံးမှုမဖြစ်ပေါ်စေခြင်း စသည့်အကျိုးရလဒ်ရှိသည့် နည်းပညာပိုင်းဆိုင်ရာ ဖော်ဆောင်နိုင်ခဲ့သည့် ထူးခြားသော ဆိုလာတပ်ဆင်ရေတင်တစ်ခုဖြစ်”**




ဧရာဝတီမြစ်မှရေကို ရေတင်စက်များဖြင့် ရေတင်ပေးနေသည့် မြင်ကွန်းရေတင်မှ ပွန်တွန်းဆောင်ရွက်ထားသည်ကို တွေ့ရစဉ်။

## တာချီလိတ်မြို့နယ် မယ်လိတ်ပါကော်ခေတ်မီစံပြကျေးရွာ၌ SMART Village စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်



**တာချီလိတ် အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မယ်လိတ်ပါကော် ခေတ်မီစံပြကျေးရွာ၌ ခေတ်မီစံပြကျေးရွာ ထူထောင်ရေး (SMART Village) စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၃၀ ရက်က ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

မယ်လိတ်ပါကော် ခေတ်မီစံပြကျေးရွာတွင် စံပြကျေးရွာဆိုင်းဘုတ်နှင့် တြိဂံပန်းခြံ တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် အရှည် ၄၂၅ ပေ၊ အကျယ် ၁၀ ပေ၊ ထု ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်ဝေ၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကြည့်ရှုစစ်ဆေးပြီး ဦးစီးမှူးက အဆိုပါကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ၊ ခေတ်မီစံပြကျေးရွာ စီမံကိန်းကော်မတီများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မယ်လိတ်ပါကော် ခေတ်မီစံပြကျေးရွာ၌ အဆိုပါလုပ်ငန်းများကို ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း VDP စီမံကိန်းရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေများကို အသုံးပြုပြီး မြို့နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်**

## ရေကြည်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုက်လံစစ်ဆေး



**ရေကြည် အောက်တိုဘာ ၃၁**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးကော်မတီပိုင် မြို့မဈေးအတွင်းနှင့် မြို့နယ်အတွင်းရှိ သာသနိကအဆောက်အဦများ၊ စာသင်ကျောင်းများ၊ စက်ရုံအလုပ်ရုံများနှင့် လူနေအိမ်များအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြန်မာ့လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ အောက်တိုဘာ ၃၀ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုင်းယောင်းမြို့နယ် ဖကျောက်ခေတ်မီစံပြကျေးရွာ၌ SMART Village စီမံကိန်း ဆောင်ရွက်

**မိုင်းယောင်း အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ဘိုးကျေးရွာအုပ်စု ဖကျောက်ခေတ်မီစံပြကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေး(SMART Village)စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၃၀ ရက်က တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းစိုးစိုးနှင့် တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများသည် ဖကျောက်ခေတ်မီစံပြကျေးရွာတွင် အလျား ၁၅ ပေ၊ အနံပေ ၂၀၊ အမြင့် ၁၁ ပေရှိ ကျေးရွာစာကြည့်တိုက် တည်ဆောက်ခြင်းလုပ်ငန်းနှင့် စံပြကျေးရွာဆိုင်းဘုတ် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ရာ ခရိုင်ဦးစီးမှူးက အဆိုပါကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ၊ ခေတ်မီစံပြကျေးရွာစီမံကိန်းကော်မတီများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဖကျောက်ခေတ်မီစံပြကျေးရွာ၌ အဆိုပါလုပ်ငန်းများကို ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း(SMART Village)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ ဒသမ ၁၇ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်း၍ ယခုနှစ် ဩဂုတ်လ တတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**၂၂၂**



❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

*စာမျက်နှာ ၁၆ မှ*

မြင်ကွန်းဆိုလာလျှပ်စစ်ရေတင်လုပ်ငန်းသည် ရောဝတီမြစ်မှရေကို ၅၅ ကီလိုဝပ် မော်တာဖြင့် တွဲဖက်မောင်းနှင်သည့် ၅ ကျူဆက်ရေတင်ပန့် ခြောက်စုံ တပ်ဆင်မောင်းနှင်ပြီး ပင်မရေပေးမြောင်း အလျား ၁ ဒသမ ၆၃ မိုင်၊ လက်တံမြောင်း သုံးခု အလျားမိုင် စုစုပေါင်း ၃ ဒသမ ၄၁ မိုင်ဖြင့် ရေဖြန့်ဖြူးပေးဝေနေသည့် ရေတင်စီမံကိန်းတစ်ခု ဖြစ်သည်။

မကွေးတိုင်းဒေသကြီးအတွင်း နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ရေသွင်းစိုက်ဧကများ တိုးတက်ရရှိစေရေးအတွက် ၂၀၂၁ ခုနှစ်မှ ယခုနှစ်ကာလအထိ ရောဝတီ ဆိုလာမြစ်ရေတင်စီမံကိန်းအသစ် နှစ်ခု အကျိုးပြုဧက ၅၃၀၊ ဆိုလာချောင်း ရေတင်စီမံကိန်းအသစ် နှစ်ခု အကျိုးပြုဧက ၉၆၄ ဧက စုစုပေါင်း ဆိုလာရေတင်စီမံကိန်းအသစ် လေးခု စုစုပေါင်း အကျိုးပြုဧက ၁၄၉၄ ဧကကို ဆောင်ရွက်နိုင်ခဲ့ပြီး နွေ၊ မိုး၊ ဆောင်း တစ်နှစ်သုံးသီး စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်လည်း အကျိုးပြုဧက ၇၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည့် ရောဝတီဆိုလာမြစ်ရေတင်စီမံကိန်းသစ် တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရောဝတီမြစ်တွင် လုပ်ငန်း ၂၅ ခုမှ အကျိုးပြုဧက ၅၀၆၀၀၊ ချင်းတွင်းမြစ်တွင် လုပ်ငန်းသုံးခုမှ အကျိုးပြုဧက ၁၃၃၀၀၊ မန်းချောင်းတွင် ရေတင်တစ်ခုမှ အကျိုးပြုဧက ၂၅၀၊ ယင်းချောင်းတွင် လုပ်ငန်းနှစ်ခုမှ အကျိုးပြုဧက ၄၀၀၊ ရန်ပယ်ချောင်းတွင် ရေတင်နှစ်ခုမှ အကျိုးပြုဧက ၆၅၀၊ ကြီးနီးချောင်းတွင် လုပ်ငန်းတစ်ခုမှ အကျိုးပြုဧက ၃၀၀၊ ဗွက်ကြီးချောင်းတွင် လုပ်ငန်းတစ်ခုမှ အကျိုးပြုဧက ၂၅၀၊ မြောင်းမုန်းမြောင်းတွင် ရေတင်နှစ်ခုမှ အကျိုးပြုဧက ၅၇၀ ရှိသည့် ရေရရှိရေးလုပ်ငန်းသစ်များကိုလည်း အသေးစိတ်ထပ်မံစူးစမ်းလေ့လာမှုများ ဆောင်ရွက်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။



မြင်ကွန်းရေတင်မှ ဆိုလာစနစ်ဖြင့် မိုးစပါးစိုက်ပျိုးရေပေးဝေနေသည်ကို တွေ့ရစဉ်။

ထို့အတူ ရေသောက်ဧရိယာအတွင်းရှိ ကုန်းမြင့်စိုက်ပျိုးဧရိယာများအတွက် ရေပေးမြောင်းအတွင်းမှ ရေကို Mobile Solar များဖြင့် ရေစုပ်တင်ပြီး စိုက်ပျိုးရေပေးဝေနိုင်ရန်၊ ပတ်လည်ရေဖျန်းစနစ်၊ ရေမှုန်ရေဖျန်းစနစ်များဖြင့် ရေသုံးစွဲနိုင်ရန် စသည့်ရေအသုံးချမှုနည်းလမ်းများကို တိုင်းဒေသကြီး၏ စိုက်ပျိုးဧရိယာများနှင့် ကိုက်ညီမှုရှိ၊ မရှိ လေ့လာဆန်းစစ်မှုများ ပြုလုပ်လျက်ရှိကြောင်း တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ သိရသည်။

**"ဒီလို ရေတင်တွေ တောင်သူတွေအတွက် အများကြီးလိုအပ်ပါတယ်။ ရေတင်မှ မဟုတ်ပါဘူး၊ ကျွန်တော်တို့ဒေသလို မိုးနည်းဒေသအတွက် စိုက်ပျိုးရေရရှိဖို့ နည်းလမ်းအားလုံးကို နိုင်ငံတော်အစိုးရအနေနဲ့ ဖော်ဆောင်ပေးပါလို့ ပြောချင်ပါတယ်။ ဒါမှလည်း တောင်သူဝမ်းရေးလှမှာပါ"**ဟု မြင်ကွန်းကျေးရွာမှ တောင်သူ ဦးတင်အောင်မိုးက ပြောသည်။

ရေတင်စီမံကိန်းများကြောင့် တောင်သူများအနေဖြင့် တစ်နှစ်သုံးသီး စိုက်ပျိုးလာနိုင်ခြင်းသည် နိုင်ငံတော်က ဖော်ဆောင်နေသည့် သီးနှံစိုက်စွမ်းအား မြင့်မားရေးအတွက် သီးထပ်သီးညှပ်တိုးချဲ့စိုက်ပျိုးရေး၊ သီးနှံထုတ်လုပ်မှုမြင့်မားရေးအတွက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ဒေသတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး စသည့် ရည်မှန်းချက်များကို နည်းလမ်းတစ်ခုဖြင့် ပါဝင်ဖော်ဆောင်နေခြင်းဖြစ်သည်။

တောင်သူများအတွက် သမားရိုးကျစိုက်ပျိုးခြင်း နည်းလမ်းများနှင့် စိုက်ပျိုးရေအသုံးချမှုနည်းလမ်းများကို အသုံးပြုနေ၍မရဘဲ ခေတ်မီစိုက်ပျိုးနည်းစနစ်များ၊ ရေပေးဝေရေးစနစ်များဖြင့် စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ဖော်ဆောင်လျက်ရှိရာ မြင်ကွန်းဆိုလာလျှပ်စစ် မြစ်ရေတင်လုပ်ငန်းသည် တောင်သူများကို အကျိုးပြုနေသည့် ရေတင်လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၃၁**
မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၆ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် (၃၇) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် ပန်းဘဲတန်းမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်အောင် (ဝါးခယ်မ) လှူဒါန်းသည့် အလှူငွေကျပ် တစ်သိန်းကို အလှူရှင်ကိုယ်စား ဦးတင်ဝင်း (တင်ဝင်း-အားကာ) က ပေးအပ်လှူဒါန်းရာ အသင်းအတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်) က လက်ခံရယူပြီး **(ယာပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**သတင်းစဉ်**



# ကျိုင်းတုံမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း



**ကျိုင်းတုံ အောက်တိုဘာ ၃၁**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၏ ၂၀၂၄ - ၂၀၂၅ ခုနှစ် မိုးစပါး စံကွက်ရိတ်သိမ်းခြင်းကို အောက်တိုဘာ ၃၁ ရက်က မိုင်းဇင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၀၆) ရှိ တောင်သူဦးဆားလို၏ စိုက်ပျိုးမြေ ဧက ၁ ဒသမ ၀၀ ၌ ဆင်းကေရီ-၃ စပါးမျိုး ရိတ်သိမ်းပွဲကျင်းပရာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှဝင်းက စံကွက်ရိတ်သိမ်းရခြင်း ရည်ရွယ်ချက် ရှင်းလင်းပြောကြားကာ တက်ရောက်လာသည့်တောင်သူများအား မျိုးစပါးနှင့် ရွက်ဖျန်းအားဆေးများ ထောက်ပံ့ပေးသည်။

ထို့နောက် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးပြီး အဆိုပါစံကွက် ရိတ်သိမ်းရာတွင် အစိုတင်း ၈၉ ဒသမ ၈၄ တင်းနှင့် အခြောက် ၈၄ ဒသမ ၉၆ တင်း ထွက်ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# လယ်ဝေးခရိုင်အဆင့် အခွန်ပညာပေးရှင်းလင်း

**လယ်ဝေး အောက်တိုဘာ ၃၁**
ပြည်ထောင်စုနယ်မြေ လယ်ဝေးခရိုင် အခွန်ဦးစီးဌာနမှူးရုံးမှ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ လုပ်ငန်းရှင်အခွန်ထမ်းများအား အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က လယ်ဝေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ လယ်ဝေးခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သူစိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနယ်မြေ သီရိ ငါးမြို့နယ် အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှငွေနှင့် လယ်ဝေးမြို့နယ်၊ အခွန်ဦးစီးဌာနမှူး ဦးထွန်းလင်းထွဋ်တို့က အခွန်ကောက်ခံခြင်းကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး လုပ်ငန်းရှင်များမေးမြန်းမှုကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပေးသည်။ ဆွေးနွေးပွဲသို့ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့မှ လုပ်ငန်းရှင် အခွန်ထမ်း ၆၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**



# AFC Challenge League ပြိုင်ပွဲ အုပ်စုဒုတိယနေ့အပြီး ရှမ်းယူနိုက်တက်အပါအဝင် လေးသင်း ကွာတားဖိုင်နယ် တက်ရောက်

**ရန်ကုန် အောက်တိုဘာ ၃၁**
လက်ရှိကျင်းပလျက်ရှိသည့် ၂၀၂၄-၂၀၂၅ ရာသီ AFC Challenge League ပြိုင်ပွဲ အုပ်စုဒုတိယနေ့ အပြီးတွင် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်း အပါအဝင် အသင်းလေးသင်း ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရရှိထားသည်။

ယင်းပြိုင်ပွဲကို အနောက်အာရှဇုန်တွင် အုပ်စုသုံးခု၊ အရှေ့အာရှဇုန်တွင် အုပ်စုနှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး အနောက်အာရှဇုန် အုပ်စု (C) တွင် အိုမန်ကလပ် အယ်လ်ဆီဘ်အသင်း၊ အရှေ့အာရှဇုန် အုပ်စု (D) တွင် မြန်မာကလပ် ရှမ်းယူနိုက်တက်၊ တရုတ်(တိုင်ပေ)ကလပ် တိုင်နန်စီးတီးအသင်း၊ အုပ်စု (E) တွင် ကမ္ဘောဒီးယားကလပ် Savy Rieng အသင်းတို့ နောက်ဆုံးပွဲမတိုင်မီ နောက်တစ်ဆင့် တက်ရောက်ခွင့်ရထားခြင်းဖြစ်သည်။ မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် ပထမပွဲတွင် လာအိုကလပ် Young Elephant အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရထားသလို တိုင်နန်စီးတီးအသင်းကလည်း လာအိုကလပ်ကို သုံးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရထားသည်။

အနောက်အာရှဇုန် အုပ်စုနောက်ဆုံးနေ့ကို နိုဝင်ဘာ ၁ ရက်၊ အရှေ့အာရှဇုန် အုပ်စုနောက်ဆုံးနေ့ကို နိုဝင်ဘာ ၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အရှေ့အာရှဇုန် အုပ်စုနှစ်ခုတွင် သုံးသင်းစီပါဝင်ကာ အမှတ်အများဆုံး နှစ်သင်းစီ နောက်တစ်ဆင့် တက်ရောက်ခွင့်ရပြီး ကွာတားဖိုင်နယ်တွင် အရှေ့အာရှဇုန် အသင်းအချင်းချင်းသာ တွေ့ဆုံမည်ဖြစ်သည်။ အနောက်အာရှဇုန် အုပ်စုသုံးခုတွင် လေးသင်းစီပါဝင်ပြီး အမှတ်အများဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရ အသင်းများအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်း လေးသင်းသာ ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် နောက်ဆုံးပွဲအဖြစ် နိုဝင်ဘာ ၂ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ တရုတ်(တိုင်ပေ)ကလပ် တိုင်နန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး သရေကစားနိုင်ရုံဖြင့် အုပ်စုပထမရမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး**



အုပ်စုအဖွင့်ပွဲတွင် နိုင်ပွဲရခဲ့သည့် ရှမ်းယူနိုက်တက်အသင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## ဆရာအတတ်ပညာဦးစီးဌာန
## နေပြည်တော်
## နည်းပြရာထူး လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များတွင် နည်းပြရာထူး (လစာနှုန်းကျပ်-၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) နေရာများ လစ်လပ်လျက်ရှိပါသဖြင့် လျှောက်ထားလိုသူများသည် နီးစပ်ရာ ပညာရေးဒီဂရီကောလိပ်များတွင် လျှောက်လွှာများကို အခမဲ့ရယူ၍ လျှောက်ထားနိုင်ပါသည် -

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပညာရေးဘာသာရပ်များ (ပညာရေးသဘောတရား၊ ပညာရေးစိတ်ပညာ)အတွက် ပညာရေးဘွဲ့(သို့မဟုတ်) မဟာပညာရေးဘွဲ့ရရှိသူဖြစ်ရမည်။

(ဂ) သင်ပြနည်းဘာသာရပ်များ ( မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ ပထဝီဝင်၊ သမိုင်း) အတွက် ပညာရေးဘွဲ့ (သို့မဟုတ်) မဟာပညာရေးဘွဲ့ရရှိသူဖြစ်ရမည်၊ ကွန်ပျူတာ ဘာသာရပ်အတွက် ပညာရေးဘွဲ့(သို့မဟုတ်) ကွန်ပျူတာမဟာဘွဲ့/ မဟာပညာရေးဘွဲ့ ရရှိသူဖြစ်ရမည်။

(ဃ) စာပေဘာသာရပ်များ (မြန်မာစာ၊ အင်္ဂလိပ်စာ)၊ သိပ္ပံဘာသာရပ် (ဓါတုဗေဒ)၊ လူမှုရေးဘာသာရပ်များ (ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ)အတွက် ပါရဂူဘွဲ့ (သို့မဟုတ်) မဟာသုတေသနဘွဲ့ (M.Res) (သို့မဟုတ်) မဟာဘွဲ့ရရှိသူဖြစ်ရမည်။

(င) ပညာရေးဖွံ့ဖြိုးမှုဘာသာရပ်များ (စက်မှု၊ အိမ်တွင်းမှု၊ ပန်းချီ၊ ဂီတ၊ ကာယ၊ စိုက်ပျိုးရေး) အတွက် ပညာရေးဘွဲ့ (သို့မဟုတ်) သက်ဆိုင်ရာဖွံ့ဖြိုးရေး ဘာသာရပ်ဘွဲ့ ရရှိပြီးသူ ဖြစ်ရမည်။

(စ) **၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(၃၀)ရက်နေ့**တွင် သတ်မှတ်ထားသောဘာသာရပ်များ၌ ပါရဂူဘွဲ့ရရှိပြီးသူများဖြစ်ပါက အသက်(၃၈)နှစ်ထက်မကျော်လွန်သူ၊ မဟာသုတေသနဘွဲ့(M.Res)၊ မဟာဘွဲ့၊ ပညာရေးဘွဲ့ရရှိပြီးသူများဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူ၊ သက်ဆိုင်ရာဖွံ့ဖြိုးရေးဘာသာရပ်ဘွဲ့ရရှိပြီးသူများဖြစ်ပါက အသက်(၃၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဆ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဇ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ် (Dismissal) ခြင်း၊ ရာထူးမှ ထုတ်ပယ် (Removal) ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများသည် နည်းပြအဖြစ် ပြောင်းလဲတာဝန်ထမ်းဆောင်လိုပါက မိမိတာဝန်ထမ်းဆောင်နေသည့် ဦးစီးဌာနမှ ခွင့်ပြုချက်ရယူပြီး နီးစပ်ရာပညာရေးဒီဂရီကောလိပ်များသို့ တိုက်ရိုက်လျှောက်ထား၍ စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်သည်။

၄။ အခြားဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းများသည် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှုရှိပါက မိမိတာဝန်ထမ်းဆောင်နေသည့် ဦးစီးဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူ၍ နီးစပ်ရာပညာရေးဒီဂရီကောလိပ်များသို့ တိုက်ရိုက်လျှောက်ထား၍ စာမေးပွဲဝင်ရောက် ဖြေဆိုနိုင်သည်။

၅။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) ပညာအရည်အချင်းအထောက်အထားအတွက် ဘွဲ့လက်မှတ်မိတ္တူနှင့် အသက် အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မိတ္တူ

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်း

(ဃ) (၁)လအတွင်း ရယူထားသည့် ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း

(စ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်မူရင်း

၆။ **လျှောက်လွှာများကို (၂၂-၁၁-၂၀၂၄) ရက် (သောကြာနေ့) နောက်ဆုံးထား၍** လူကိုယ်တိုင်ဖြစ်စေ၊ အမြန်ချောပို့ဖြင့်ဖြစ်စေ နီးစပ်ရာပညာရေးဒီဂရီကောလိပ်များသို့ပေးပို့ လျှောက်ထားနိုင်သည်။

၇။ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် လျှောက်ထားသူများသည် မိမိလျှောက်လွှာ တင်သွင်းခဲ့သည့် သက်ဆိုင်ရာပညာရေးဒီဂရီကောလိပ်များတွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုရမည်၊ ဖြေဆိုရမည့် ခုံအမှတ်နှင့်နေရာကို သက်ဆိုင်ရာ ပညာရေးဒီဂရီကောလိပ်များတွင် ကြေညာမည်ဖြစ်ပါသည် -

(က) **မြန်မာစာ (၂၉-၁၁-၂၀၂၄) ရက် (သောကြာနေ့)**
**နံနက် (၉) နာရီမှ (၁၀) နာရီ**

(ခ) **အင်္ဂလိပ်စာ (၂၉-၁၁-၂၀၂၄) ရက် (သောကြာနေ့)**
**နံနက် (၁၀) နာရီမှ (၁၁) နာရီ**

(ဂ) **အထွေထွေဗဟုသုတ (၂၉-၁၁-၂၀၂၄) ရက် (သောကြာနေ့)**
**နံနက် (၁၁) နာရီမှ (၁၂) နာရီ**

၈။ လူတွေ့စာမေးပွဲများကို သက်ဆိုင်ရာပညာရေးဒီဂရီကောလိပ်များတွင် ၃၀-၁၁-၂၀၂၄ ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ပါသည်။

**ဆရာအတတ်ပညာဦးစီးဌာန**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

## မိဘအမည်မှန်

ဝါးခယ်မမြို့နယ်၊ မူလွန် (ကျုံစိန်) ကျောင်း Grade-8 မှ မောင်ဟိန်းဝေယံထွန်း၏ မိဘအမည်မှန်မှာ ဦးကျော်ဟိန်း ၁၄/ဝခမ(နိုင်)၁၈၀၇၂၈ နှင့် ဒေါ်နိုင်နိုင် ၁၄/ဝခမ(နိုင်)၁၈၀၇၅၃ ဖြစ်ပါကြောင်း။




## အမည်ပြောင်း

ရွှေဘိုမြို့၊ အထက (၅) G-12 မှ (ဘ) ဦးမြင့်ဦး ၅/ရဘန(နိုင်) ၂၃၆၂၆၈၏သား မောင်ဂျန်ဂျယ်ဟော့ကို မောင်မြင့်မိုရ်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မြင့်မိုရ်ဦး**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်သီဟဇော် (၇/ပခန(နိုင်)၂၉၆၂၀၀)၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၈၆၀၁၀

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၁၀-၂၀၂၄ရက်နေ့မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(၃၀) ကန့်ကွက်နိုင်ကြောင်းကြော်ငြာလှိုင်မြို့နယ်၊ဒေါ်ဖြူသက်ဇင်ထွဋ်၊GPဦးငွေးဝင်းနှင့်ဦးကျော်ဇောအောင်၏ပိုင်ဆိုင်မြေပုံကူးတွင်မြေကွက်အမှတ်-၅၃အစားမြေကွက်အမှတ်-၇၃ဟုအမှန်ဖတ်ရှုပါရန်။

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းနုတိုး(ဘ)ဦးမင်းဦး ၆/မမန(နိုင်)၁၈၆၆၈၈၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ မြစ်မရပ်၊ မင်္ဂလာလမ်းနေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ဖျားလမ်းမကြီး ၊ မြို့မအားကစားကွင်းရှေ့တွင် Catherine (ကပ်သရင်း)"စိန်ရွှေရတနာ"ဆိုင်အမည်ဖြင့် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစ၍ ဖွင့်လှစ်ရောင်းချပြီးနောက် ကျွန်ုပ်မိတ်ဆွေ၏ သူငယ်ချင်းဖြစ်သူ ဒေါ်ဇူးနိုင်နိုင်အောင်မှ ကျွန်ုပ်မိတ်ဆွေ ပိုင်ဆိုင်သည့် Catherine" စိန်ရွှေရတနာ" ဆိုင်အမည်အား အသုံးပြု၍ဆိုင်အမည်ဖြင့် Onlineတွင် Liveလွှင့်၍ရောင်းချ ခွင့်ပြုရန် ကျွန်ုပ်မိတ်ဆွေအား အကူအညီတောင်းခံလာသဖြင့် ကျွန်ုပ်မိတ်ဆွေမှ သူငယ်ချင်းသံယောဇဉ်ဖြင့် ကျွန်ုပ်မိတ်ဆွေ၏ဆိုင်အမည်အား သုံးစွဲခွင့်ပြု၍ ရောင်းချစေခဲ့ပါသည်။ ဒေါ်ဇူးနိုင်နိုင်အောင် တစ်ဦးတည်းမှ ၎င်း၏ကိုယ်ပိုင် ပစ္စည်းများအား ကျွန်ုပ်မိတ်ဆွေ၏ Catherine "စိန်ရွှေရတနာ" ဆိုင်အမည်သုံးစွဲခြင်း၊ ဆိုင်၏အမှတ်တံဆိပ်ဖြစ်သော ဘောင်ချာများဖြင့်လည်း ဖွင့်လှစ်ရောင်းချခဲ့သည့်ကာလတွင် ကျွန်ုပ် မိတ်ဆွေ ဆိုင်ပိုင်ရှင် ဒေါ်နှင်းနုတိုးမှ ဒေါ်ဇူးနိုင်နိုင်အောင်ထံတွင် အကျိုးအမြတ် တစ်စုံတစ်ရာလုံးဝမရရှိခဲ့ပါ။ ထိုသို့ ဒေါ်ဇူးနိုင်နိုင်အောင်မှ ကျွန်ုပ်မိတ်ဆွေ၏ Catherine" စိန်ရွှေရတနာ"အမည်ယူသုံးပြီး ရောင်းချနေစဉ်ကာလတွင် အရှုပ်အရှင်းများ ပေါ်ပေါက်ခဲ့သဖြင့် ၎င်း၏ အရှုပ်အရှင်းများမှာ ဒေါ်ဇူးနိုင်နိုင်အောင်နှင့်သာ သက်ဆိုင်ပါကြောင်း ကျွန်ုပ်မိတ်ဆွေ Catherine"စိန်ရွှေရတနာ"ဆိုင်ပိုင်ရှင် ဒေါ်နှင်းနုတိုးနှင့် လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဒေါ်ဇူးနိုင်နိုင်အောင်နှင့် ပတ်သက်သည့် အရှုပ်အရှင်းများကို ဒေါ်ဇူးနိုင်နိုင်အောင်မှလည်း ကျွန်ုပ်မိတ်ဆွေ၏ Catherine"စိန်ရွှေရတနာ"ဆိုင် အမည် ထိခိုက်နစ်နာမှု မရှိစေရန်သော်လည်းကောင်း၊ Catherine စိန်ရွှေရတနာ ဆိုင်ပိုင်ရှင်၏ဂုဏ်သိက္ခာညှိုးနွမ်းမှုမရှိစေရန်သော်လည်းကောင်း၊ ၎င်းကိုယ်တိုင် ယနေ့အချိန်အထိ ဖြေရှင်းပေးလျက်ရှိပါသည်။

ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်နှင်းနုတိုး မှ Catherine "စိန်ရွှေရတနာ"ဆိုင်အမည်ဖြင့် ဖွင့်လှစ်ထား သော Fb page ရှိ Comment တွင်လည်းကောင်း၊ ပတ်ဝန်းကျင်တွင်လည်းကောင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းအောင် ရေးသားပုတ်ခတ်ပြောဆိုလာပါက မည်သူမဆို တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခက်ခက်ခိုင် အထက်တန်းရှေ့နေ (စဉ်-၂၈၁၁၀)**
**ဘခရဝင်း၊ ကန်ဖျားနယ်မြေ၊ မြိတ်မြို့၊**
**ဖုန်း-၀၉-၄၀၄၁၄၉၅၈၁**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 82W/34315, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးရဲနောင် ၉/ရမသ(နိုင်) ၁၉၈၄၄၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊**
**လှိုင်ကော်**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

